ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တပေါင်းလကွယ်၊ တနင်္လာနေ့။ Monday, 20 March 2023 ၁၁၀၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## အင်အားဟူသည် တိုးတက်ကောင်းမွန်သော အပြောင်းအလဲများ ဆောင်ရွက်ပေးနိုင်သောကြောင့် စုစည်းညီညွတ်မှုအင်အားကို တည်ဆောက်ရမည်

# မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ ကြိုးစားအားထုတ်၍ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်တတ်သည့် "အား"ကို မွေးမြူဆောင်ရွက်

နေပြည်တော် မတ် ၁၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

### စုစည်းညီညွတ်မှုအင်အားများ တည်ဆောက်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် **"အင်အား" ဟူသည့်စကားမှာ စကားလုံးတစ်လုံးတည်းသာဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်း စုစည်းညီညွတ်မှုအင်အားများကို မဖြစ်မနေတည်ဆောက်သွားရမည်ဖြစ်ကြောင်း** ဦးစွာပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၁၄၃ တွဲ ရောင်းချနိုင်ခဲ့ — စာမျက်နှာ » ၅

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာပြည်သူများကို အကျိုးပြုခြင်း — ဆောင်းပါး စာမျက်နှာ » ၆

လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ — အဲလဘတ် အိုင်းစတိုင်း — စာမျက်နှာ » ၂၁

ကြေးမုံ

# စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူသားအရင်းအမြစ်များ ပျိုးထောင်

"နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးအရင်းအနှီးနှင့်လူအင်အား၊ သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတို့ ပြည့်စုံရုံသာမက ကျန်းမာရေး၊ ပညာရေးနှင့် အသိပညာမြင့်မားရေး၊ ပြည်သူလူထု အတွင်း စိတ်ဓာတ်ပိုင်းဆိုင်ရာနိုးကြားထက်သန်မှုနှင့်အတူ မြင့်မားသောရည်ရွယ် ချက်များရှိနေခြင်းတို့ လိုအပ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ငွေကြေးနှင့် သယံဇာတအရင်းအမြစ်များထက် ဖန်တီးနိုင်စွမ်းနှင့် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့်လူသားအရင်းအမြစ်က ပို၍အရေးကြီးသည်ကို သတိပြုရမည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် အသိပေးထားသည်။

ကမ္ဘာ့နိုင်ငံရေးသမိုင်းကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတစ်နိုင်ငံ ကြီးပွား တိုးတက်ခြင်း၊ နိမ့်ကျဆင်းရဲခြင်း သို့မဟုတ် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းတို့သည် ထိုနိုင်ငံက ပိုင်ဆိုင်သည့်ငွေကြေးဥစ္စာအရင်းအနှီးများထက် ထိုနိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများ၏စိတ်ဓာတ်သည်သာ အဓိကကျကြောင်း မြင်တွေ့ရမည်ဖြစ်သည်။ ငါ့နိုင်ငံတော်ကြီးပွားလိုသည့်စိတ်ဓာတ်၊ ငါ့နိုင်ငံတော် အောင်မြင်လိုသည့်စိတ်ဓာတ် များ ရှင်သန်ကြီးထွားမြင့်မားကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူများသည် တစ်ဦးနှင့်တစ်ဦး စိတ်ဓာတ်နှင့် ခံယူချက်များ မတူကွဲပြားကြသော်လည်း ငါ့နိုင်ငံတော် အတွက်ဟူသောခံယူချက်ကြီးမားကြသောကြောင့် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိလာကြသည်။ အဓိကမှာ နိုင်ငံသားများသည် ဖန်တီးနိုင်စွမ်းနှင့် စိတ်ဓာတ် စည်းကမ်းကောင်းမွန်မှုကို အခြေခံ၍ နိုးကြားတက်ကြွစည်းလုံးညီညွတ်မှုဖြင့် တိုးတက်လာကြသည်။ ပြာပုံဘဝမှ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်လာ ကြသည်ကိုတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုကြည့်မည်ဆိုလျှင် နိုင်ငံတော်တည်ငြိမ် အေးချမ်းပြီး အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသော်လည်း မိမိတို့နိုင်ငံ၏ ကောင်းရာကောင်းကျိုးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့် ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပသြဇာခံ ပြည်ပြေးအဖွဲ့များနှင့် နိုင်ငံနှင့်ပြည်သူလူထုကို သစ္စာဖောက်ဖျက်နေသောအဖွဲ့ အစည်းများ၊ နိုင်ငံအကျိုးကို ပစ်ပယ်ပြီး မိမိအာဏာရရှိရေးနှင့် ကိုယ်ကျိုးအတွက်ကိုသာ ရှေ့တန်းတင်၍ အလုံးစုံပျက်စီးရေးကို ပြုလုပ်နေကြသူများကြောင့် နိုင်ငံတည်ငြိမ် အေးချမ်းမှုများယိုယွင်းပြီး ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျနေသည်ကို တွေ့ရမည် ဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှမ်းဝေးစေမည့်လုပ်ရပ် များကို နိုင်ငံချစ်သည့်နိုင်ငံသားတိုင်းက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက် ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီးနှင့် လူအင်အား၊ သဘာဝအရင်းအမြစ် များနှင့်မြေပေါ်မြေအောက်၊ရေပေါ်ရေအောက်သယံဇာတများပြည့်စုံနေသော်လည်း ပြည်သူလူထုအတွင်း စိတ်ဓာတ်ပိုင်းဆိုင်ရာ နိုးကြားထက်သန်မှုများနှင့်အတူ မြင့်မားသောရည်ရွယ်ချက်များရှိနေသည့်စိတ်ဓာတ်များ နိုးကြားရှင်သန်ဖွံ့ဖြိုး ကြရန်လိုအပ်နေသည်။ တစ်နည်းဆိုသော် ဖန်တီးနိုင်စွမ်းနှင့် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့်လူသားအရင်းအမြစ်များ ပျိုးထောင်ပေးနိုင်ရေး လိုအပ်နေသည်။ ပြည်သူလူထုအတွင်း အသိမှား၊ အမြင်မှားများနှင့် ကောလာဟလများဖြန့်ချိ၍ အဆိုးမြင်စိတ်ခံစားမှုကို အဆုံးအထိ မြှင့်တင်ပေးကာ ပြည်သူကိုအရောင်ဆိုးပေးပြီး ဖျက်ဆီးနေသည့်စိတ်ဓာတ်များကို တားဆီးဖို့လိုသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မျက်ကွယ်ပြုပြီး နိုင်ငံရေးသြဇာလွှမ်းမိုးအောင် ကြိုးပမ်းအားထုတ်မှုများကို သတိပြုရမည်ဖြစ်သည်။ တော်လှန်ရေးဟုအမည်တပ်ပြီး မိမိတို့အား ထောက်ခံသူများနှင့် မသိနားမလည်သူများ၏ ဘဝများကို ရင်းနှီးစတေး ၍ အာဏာကို အချောင်ရယူရန် ကြိုးပမ်းအားထုတ်နေကြသူများ၊ ခေါင်းစဉ်အမျိုးမျိုး တပ်၍ လိမ်လည်လှည့်ဖျားကာ ကိုယ်ကျိုးရှာနေသူများကို ဝိုင်းဝန်းဖော်ထုတ် အရေးယူဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံ ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အလျောက် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးတွင် လက်တွဲပါဝင်ဆောင်ရွက် ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဦးတည်ချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေ ခံသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားပြည်သူများ အားလုံးက နိုင်ငံတော်နှင့်အတူ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိ ရေးအတွက် ဖန်တီးနိုင်စွမ်းနှင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော လူသားအရင်း အမြစ်များ ရှင်သန်ဖွံ့ဖြိုးရေးသည် အရေးအကြီးဆုံးဖြစ်၍ ပြည်သူများအနေဖြင့် ဆင်ခြင်တုံအသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ပြီး မျိုးဆက်သစ်များအား ပျိုးထောင်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ် စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက် များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက် ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသား စိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲ သူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံ တင်ရန် အသိပေးစာတို(SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိပြီး ရက်ပေါင်း (၃၀)အတွင်း နိုင်ငံ သားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသောဆင်းကတ်များအား One Way Block(အထွက်ခေါ်ဆို မှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထား သည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသောဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေ ရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင် များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေး ကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည် မှတ်ပုံတင်ကြ ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## ဆီဆိုင်မြို့နယ် နောင်ဆိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**ဆီဆိုင် မတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနက (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် နားသံကျေးရွာအုပ်စု နောင်ဆိုင်ကျေးရွာ၌ ကွန်ကရစ် လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က နောင်ဆိုင်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြား သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များက ကျေးရွာတွင်း ကွန်ကရစ်လမ်းမုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



အဆိုပါကွန်ကရစ်လမ်းမှာ အရှည် ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ ဒု ခုနစ်လက်မ ရှိပြီး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ် က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

ညညညညည

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ အရာရှိ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

### နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု

ထို့နောက် နိုင်ငံတော်တွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ခေတ်အဆက်ဆက် နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲခဲ့မှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် ပြည်သူလူထုတို့၏ အသက်အိုးအိမ် စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို တရားဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### ❖ "အင်အား" ဟူသည့်စကားမှာ စကားလုံးတစ်လုံးတည်းသာဖြစ်သော်လည်း နိုင်ငံတော်အတွက်၊ တပ်မတော်အတွက် ကောင်းမွန်တိုးတက်သော အပြောင်းအလဲများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်မှုအား၊ နိုင်ငံအတွင်း စုစည်းညီညွတ်မှုအင်အားများကို မဖြစ်မနေတည်ဆောက်သွားရမည်

### တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု ရရှိရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖော်ဆောင်ပေးနိုင်ရေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့်နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ **လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊** တည်ငြိမ်အေးချမ်းမှုရှိပြီး ဖိအားကင်းစွာဖြင့် မဲပေးနိုင်မှသာလျှင် လွတ်လပ်၍ တရားမျှတသည့်၊ စစ်မှန်သည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာမည်ဖြစ်ပြီး ဖိအားပေးမှုနှင့် ခြိမ်းခြောက်မှုများမရှိအောင် ဆောင်ရွက်နိုင်မှသာ မဲရလဒ်များ မှန်ကန်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် မဖြစ်မနေဆောင်ရွက်ပေးရမည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေးသည် အဓိကလိုအပ်သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ၎င်းတို့၏လိုလားချက်များ၊ ဖြစ်ချင်သည်များကို နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့် ချိန်ထိုး၍ အကောင်းဆုံးဖြစ်အောင် တပ်မတော်အနေဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်ကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများအရ နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့်ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပြီး ဆက်လက်၍လည်း အသေးစိတ် ဆွေးနွေးရန်ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊** သက်ဆိုင်ရာနယ်မြေဒေသများအလိုက် တာဝန်ရှိသူများ အနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ❖ လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရန်နှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဦးတည်ဆောင်ရွက်လျက်ရှိ

### စစ်ရေးစွမ်းရည်ထက်မြက်ရေးနှင့် စည်းကမ်းစနစ်တကျ ရှိစေရေး

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို အပြည့်အဝ အသုံးချရန်လိုပြီး စစ်ရေးစွမ်းရည်ထက်မြက်နေရန်အတွက် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ တပ်မတော်သားများ အားလုံးသည် တတ်မြောက်ရမည့် အခြေခံစစ်ပညာသင်တန်းများကို သင်ကြားပြီးမြောက်ပြီးဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း သင်ယူတတ်မြောက်ထားသည့် စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို အပြည့်အဝ အသုံးချမှသာ စစ်မြေပြင်တွင် ထိခိုက်မှု နည်းပါးစေမည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများ အမြဲအသုံးချနိုင်ရေး Fit For Duty ဖြစ်အောင် နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ဆောင်နေရန် လိုကြောင်း၊ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rule of Engagement)ကို လိုက်နာပြီး စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်၍ ချမှတ်ထားသည့် စည်းကမ်းနှင့်အညီ နေထိုင်ခြင်းသည် မိမိကိုယ်ကို စစ်သားကောင်းတစ်ဦးအဖြစ် ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းအနေဖြင့် အလေးထား လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း။

မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ ကြိုးစားအားထုတ်၍ ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်တတ်သည့် "အား" ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုရှိမှသာလျှင် တပ်အတွင်း၌ စုစည်းညီညွတ်သည့် "အား" တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိမှသာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှုအား ပိုမိုကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိမိသားစုအပေါ် သစ္စာရှိရန်၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်အချင်းချင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်အတွက် စောင့်ထိန်းကြရန် လိုကြောင်း၊ "တပ်မတော်၏ အား"၊ "နိုင်ငံတော်၏ အား" မြှင့်တင်နိုင်မည့် ကိစ္စရပ်များကို လုပ်ဆောင်ကြရန်နှင့် နိုင်ငံတော်၏အကျိုးအတွက် အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အနောက်မြောက်တိုင်းစစ်ဌာနချုပ် ပေါင်းစည်းလယ်ယာရှင်းလင်းဆောင်၌ တိုင်းမှူးက ရှင်းလင်းတင်ပြစဉ်။

☆ စာမျက်နှာ ၃ မှ

## ပညာရည်မြှင့်တင်ရေး အားပေးဆောင်ရွက်ကြရန်လို

ထို့ပြင် လူတစ်ဦး၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့်လည်း မိမိတို့အတွက် ဗဟုသုတများ တိုးပွားစေနိုင်သည့် စာပေများ လေ့လာဖတ်မှတ်ခြင်းများကို အမြဲမပြတ် ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်အတွင်း မိမိတို့၏ ကလေးငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် သင်ကြားခဲ့ရသည့် ကျောင်းစာများကို ပြန်လည် ဖတ်ရှုလေ့လာခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ ကွန်ပျူတာအခြေခံသင်တန်းများနှင့် အခြားသော နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများ လမ်းမမှားစေရေး ထိန်းကျောင်းပေးရန်လိုသကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း အသိ၊ သတိဖြင့် နေထိုင်ဆောင်ရွက်ရန်လိုကြောင်း။

## အသောက်အစား၊ အပျော်အပါးနှင့် လောင်းကစားမှုများကို တစ်ဦးချင်း အသိ၊ သတိဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လို

မိမိအတွက် အကျိုးမရှိစေနိုင်သည့် အသောက်အစား အပျော်အပါးများကို ရှောင်ရှားကြရန်လိုကြောင်း၊ ဆေးလိပ်၊ အရက်နှင့် ကွမ်းတို့ကို သုံးစွဲခြင်းသည် မိမိတို့တစ်ဦးချင်းနှင့် ပတ်ဝန်းကျင်၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်သာမက လူမှုစီးပွားကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ဆင်ခြင်မှုတရားမဲ့စွာဖြင့် သောက်စားပျော်ပါးခြင်း၊ လောင်းကစားခြင်းများကြောင့် မိသားစု၏ စားဝတ်နေရေးကို ထိခိုက်စေနိုင်သဖြင့် တစ်ဦးချင်းအသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လောင်းကစားပြုလုပ်ခြင်းများကို လုံးဝရှောင်ကြဉ်ကြရန်လိုပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## သက်သာချောင်ချိရေး ဆောင်ရွက်ပေးလျက်ရှိမှု

သက်သာချောင်ချိရေးနှင့် ပတ်သက်၍ မိမိကိုယ်ကို မိမိဆောင်ရွက်သည့် သက်သာချောင်ချိရေးနှင့် အထက်မှ ဆောင်ရွက်ပေးသည့် သက်သာချောင်ချိရေးဟူ၍ရှိကြောင်း၊ မိမိတို့ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တတ်နိုင်သမျှဆောင်ရွက်ရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ အသုံးစရိတ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် တပ်မတော်သားမိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး အကျိုးအမြတ်အတွက် ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သား မိသားစုများ၏သက်သာချောင်ချိမှုမှ ပိုလျှံသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်သည့်အတွက် တပ်တွင်းသက်သာချောင်ချိရေးကိုသာမက နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလျက်ရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်တစ်ဦးချင်း အဆင့်အလိုက် ရသင့်ရထိုက်သည့် ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို နေရေး၊ စားရေး၊ ဝတ်ရေးတို့မှအစ တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် စစ်သည်တစ်ဦးချင်းအတွက် အကျိုးကို ခိုင်မာစွာဖြစ်ပေါ်စေနိုင်ပြီး စဉ်ဆက်မပြတ်သော အမြတ်ငွေများ နှစ်စဉ်ရရှိစေနိုင်သည့် မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစုရှယ်ယာထည့်ဝင်ခြင်းများကို ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးထားပြီး ဖြစ်ကြောင်း၊ စစ်သည် တစ်ဦးတစ်ယောက်ချင်း၏ အကျိုးကို မြော်တွေး၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ ကိုယ်ပိုင်စဉ်းစားဆင်ခြင်မှုများဖြင့် ရေရှည်ကိုကြည့်ကာ ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် စုပေါင်းလယ်ယာအတွင်း မွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တပ်မတော်မှ စနစ်တကျတွက်ချက်ထုတ်ပေးထားသည့် ရိက္ခာများကို အရာရှိ၊ စစ်သည်များအားလုံး ပြည့်ဝစွာစားသုံးရန်လိုကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်တွင်းသက်သာချောင်ချိရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု ကောင်းမွန်စွာဖြင့် ဆောင်ရွက်တတ်သည့် “အား” ကို မွေးမြူ ဆောင်ရွက်နိုင်မည်ဆိုပါက တပ်တွင်း စည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေပြီး အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စုစည်းညီညွတ်သည့် “အား” များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ စာမျက်နှာ ၅ သို့ ☆

❖ **လူတစ်ဦး၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် မဖြစ်မနေလိုအပ်**

❖ **စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှု ကောင်းမွန်စွာဖြင့် ဆောင်ရွက်တတ်သည့် “အား” ကို မွေးမြူ ဆောင်ရွက်နိုင်မည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ဖြစ်ထွန်းစေပြီး အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စုစည်းညီညွတ်သည့် “အား” များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်**

☆ စာမျက်နှာ ၄ မှ

## စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ်ပေါင်းစည်းလယ်ယာသို့ ရောက်ရှိစစ်ဆေးရာ ဦးစွာရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်အတွင်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ ဥစားကြက်၊ အသားစားကြက်၊ DYL ဝက်၊ ဆိတ်၊ အသားတိုးနွား၊ နို့စားနွားနှင့် ကာကီကင်းဘဲများမွေးမြူခြင်း၊ Green House ဖြင့် ရာသီ သီးနှံများစိုက်ပျိုးထားရှိမှုနှင့် တစ်သျှူးငှက်ပျောများ စိုက်ပျိုးထားရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ နို့နှင့် ဟင်းသီးဟင်းရွက်များကို အရာရှိ၊ စစ်သည်မိသားစုများထံ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥစားကြက်၊ အသားစားကြက်များမွေးမြူရာတွင် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ကြက်များမွေးမြူရာတွင် နည်းစနစ်တကျဖြင့်မွေးမြူရန်လိုကြောင်း၊ စစ်သည်များ အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေး အသားစားနွားများကိုအောင်မြင်အောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နို့စားနွားများကိုလည်း ဖြစ်ထွန်းအောင် စနစ်တကျမွေးမြူရန်လိုကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စားသုံးမှုကို အမှန်တကယ် အထောက်အကူပြုစေမည့် ငါးမျိုးများကိုသာ စိုက်ထည့်မွေးမြူရန်လိုကြောင်း၊ Green House များဖြင့် သီးနှံများစိုက်ပျိုးရာတွင်လည်း ဒေသတွင် ကောင်းမွန်စွာ ထွက်ရှိမှုမရှိသော အသီးအနှံများကိုသာ စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်နိုင်မှသာ အထွက်နှုန်းများ တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူနည်းစုအတွက် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ လူအများစားသုံးနိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် စုပေါင်းလယ်ယာအတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စုပေါင်းလယ်ယာအတွင်း စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည် တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသပေးထားမှုနှင့် တိုးတက်ကောင်းမွန်လာမှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များက ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို လည်းကောင်း တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၁၄၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် မတ် ၁၉**

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။




ရတနာကုန်သည်တစ်ဦးက ဈေးနှုန်းတင်သွင်းလွှာကို တင်ဒါပုံး အတွင်း ထည့်သွင်းစဉ်။



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြစဉ်။

ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် (၁၅၁) မှ အတွဲအမှတ် (၂၉၅)အထိ ပုလဲအတွဲပေါင်း ၁၄၅ တွဲကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ် (၁၅၁) မှ အတွဲအမှတ် (၂၉၅)အထိ အတွဲပေါင်း ၁၄၅ တွဲ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၄၃ တွဲရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးထားရှိပြီး တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့် လည်းကောင်း ပေးချေနိုင်ကြောင်း သိရသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပုလဲအတွဲပေါင်း ၂၉၅ တွဲအနက် ၂၉၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည်။ ထို့ပြင် ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

ဤဆောင်းပါးသည် စာရေးသူ၏အာဘော်အတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

# လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာပြည်သူများကို အကျိုးပြုခြင်း

**H.E. Mr. Chen Hai**
**မြန်မာနိုင်ငံဆိုင်ရာ**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး**

**ယခုနှစ်သည် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု စတင်ခြင်း ခုနစ်နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး မတ်လ ၂၃ ရက်နေ့သည် ဆဋ္ဌမအကြိမ်မြောက် “လန်ချန်း-မဲခေါင်သီတင်းပတ်” ဖြစ်ပါသည်။ တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံစသည့် မြစ်ဝှမ်းဒေသခြောက်နိုင်ငံတို့၏ အတူတကွပူးပေါင်းဆောင်ရွက်မှုကြောင့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုသည် ခုနစ်နှစ်ကြာ အချိန်တိုအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ကြီးထွားလာခဲ့ပြီး အတက်ကြွဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာအကောင်းဆုံး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု “ရွှေရောင်စံနမူနာ” ဖြစ်လာခဲ့ပါသည်။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွမှုခွန်အားများ ဖြည့်သွင်းပေးပြီး အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် စံနမူနာဖြစ်လာခဲ့ပါသည်။**



H.E. Mr. Chen Hai
မြန်မာနိုင်ငံဆိုင်ရာ
တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး

မြန်မာနိုင်ငံသည် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုကို ပထမဆုံး အဆိုပြုရာနေရာဖြစ်ပြီး တက်တက်ကြွကြွပါဝင်သူ၊ တွန်းအားပေးမြှင့်တင်သူနှင့် အကျိုးခံစားရသူလည်းဖြစ်ပါသည်။ တရုတ်-မြန်မာနှစ်နိုင်ငံသည် အိမ်နီးချင်းနှင့် မိတ်ဖက်နိုင်ငံများဖြစ်ကြပြီး အေးအတူပူအမျှ အသိုက်အဝန်းကို အတူတကွ တည်ဆောက်လျက်ရှိသည်။ လွန်ခဲ့သော နှစ်နှစ်တာအတွင်း နှစ်နိုင်ငံသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လန်ချန်း-မဲခေါင်မူဘောင်အောက်တွင် များပြားလှသော အကျိုးရလဒ်များရရှိခဲ့ကြသည်။ ပြီးခဲ့သည့်လက ကျွန်တော်သည် မြန်မာနိုင်ငံ အခြေစိုက် မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ သံတမန်များနှင့်အတူ မြန်မာနိုင်ငံက စီစဉ်ပေးသော လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု သံတမန်များ လေ့လာရေးခရီးစဉ် “Lancang-Mekong Cooperation (MLC) Diplomatic Tour” တွင်ပါဝင်ခဲ့ပြီး လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် ဆောင်ကြဉ်းပေးလာသော အကျိုးကျေးဇူးများကို လက်တွေ့ခံစားမိခဲ့ပါသည်။ တရုတ်နိုင်ငံက ထူထောင်ထားသော လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေသည် မြန်မာနိုင်ငံအတွက် စီမံကိန်း ၆၂ ခု ဆောင်ရွက်ရန် ပံ့ပိုးကူညီပေးရာ ထိုအရေအတွက်နှင့် ငွေကြေးပမာဏသည် လန်ချန်း-မဲခေါင်နိုင်ငံများအနက် ရှေ့ပြေးနေရာတွင် ရပ်တည်နေပြီး တိုးတက်မှုနှင့် ရလဒ်များလည်း အလွန်ကျေနပ်စရာကောင်းလှပါသည်။ “လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်မြစ်ဝှမ်းတွင် အအောင်မြင်ဆုံး ပူးပေါင်းဆောင်ရွက်ရေးယန္တရားဖြစ်ပြီး မဲခေါင်မြစ် အခြားပူးပေါင်းဆောင်ရွက်ရေး ယန္တရားများထက် လက်တွေ့ကျသောရလဒ်များကို ပိုမိုအလေးထားသည်” ဟု အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံဘက်က ပြောကြားခဲ့သည်။ ထိုစကားသည် ခရီးစဉ်တွင်ပါဝင်သော ပုဂ္ဂိုလ်များနှင့် ခံစားချက်ထပ်တူကျနေပါသည်။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းနိုင်ငံများအကြား သင့်မြတ်ချစ်ကြည်မှုနှင့်လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်သည်ဟု မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ သံတမန်များကလည်း အသိအမှတ်ပြုကြပါသည်။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုကို စတင်ချိန်မှစပြီး လက်တွေ့ကျကျထိရောက်မှုရှိရန် အစဉ်အမြဲ ဆောင်ရွက်ခဲ့ပါသည်။ အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို တစိုက်မတ်မတ် တွန်းအားပေးမြှင့်တင်ခဲ့သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို နေ့စဉ်နေ့တိုင်း တိုးတက်မှုအသစ်များ ဖြစ်ထွန်းလာစေရန်၊ လစဉ်လတိုင်း ရလဒ်သစ်များရရှိလာစေရန်၊ နှစ်စဉ်နှစ်တိုင်း အဆင့်သစ်သို့ တက်လှမ်းနိုင်စေရန်၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများကို လန်ချန်း-မဲခေါင်ခြောက်နိုင်ငံမှ ပြည်သူများ အမှန်တကယ် ခံစားနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

## စပါးအထွက်နှုန်းတိုးစေရန်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးသည် တရုတ်-မြန်မာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အရေအတွက်အများဆုံး၊ ရလဒ်ကောင်းများ အကြွယ်ဝဆုံးနယ်ပယ်ဖြစ်ပါသည်။ စိုက်ပျိုးရေး စီမံကိန်းများအရေအတွက်သည် တရုတ်-မြန်မာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ၏ ထက်ဝက်ရှိပါသည်။ မြန်မာမိတ်ဆွေများ ရင်းနှီးကျွမ်းဝင်မှုအရှိဆုံး မုန့်ဟင်းခါးနှင့် သာဓကပြုပါမည်။ မုန့်ဖတ်သည် ဆန်ကိုကြိတ်ပြီး ပြုလုပ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ သာလွန်ကောင်းမွန်လှပြီး ထွက်ရှိလာသော အရည်အသွေးမြင့်ဆန်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းဆန်များအနက် ပေါ်ဆန်းမွှေးဆန်သည် “ကမ္ဘာ့အကောင်းဆုံးဆန်” ဟူ၍ ဂုဏ်သတင်းရှိပါသည်။ မြန်မာ့ဆန်သည် အရည်အသွေးကောင်းမွန်သော်လည်း အထွက်နှုန်း မြှင့်တင်ရန် လိုအပ်ပါသေးသည်။ မြန်မာတောင်သူလယ်သမားတို့၏ စပါးအထွက်နှုန်းတိုးစေရန် အတွက် ၂၀၁၈ ခုနှစ် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ “မြန်မာ့ရေစပါး အရည်အသွေးမြင့်မျိုးစိတ် စိုက်ပျိုးရေးနှင့် အရည်အသွေးမြင့် စိုက်ပျိုးမှုစီမံကိန်း” (Breeding Elite Rice Varieties and Optimizing their cultivation in Myanmar) ကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအား ပံ့ပိုးကူညီပေးခဲ့ပါသည်။ မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ရုက္ခဗေဒပါရဂူ ဒေါက်တာစန်းစန်းအေးနှင့် တရုတ်နိုင်ငံဖူကျန့် စိုက်ပျိုးရေးနှင့်သစ်တောတက္ကသိုလ်မှ ပညာရှင်များအတူ အရည်အသွေးမြင့်စပါးမျိုးစိတ်များ စိုက်ပျိုးခဲ့ပြီး စပါးရေမြုပ်မှု ခံနိုင်ရည်အားကောင်းစေကာ အထွက်နှုန်းကို သုံးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးခဲ့ပါသည်။ ဒေါက်တာစန်းစန်းအေးက “ကျွန်မတို့ရဲ့ မျိုးစိတ်သစ်မှာ ဖခင်က တရုတ်နိုင်ငံမှဖြစ်ပြီး မိခင်က မြန်မာနိုင်ငံမှဖြစ်တယ်၊ သူတို့ဟာ အထူးချွန်ဆုံး သားသမီးတွေ ဖြစ်လာလိမ့်မယ်” ဟု ပြောကြားခဲ့သည်။ လန်ချန်း-မဲခေါင်ရန်ပုံငွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် “မြန်မာနိုင်ငံ အသေးစား၊ အလတ်စားရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အရည်အသွေး အာမခံစနစ် ပြုပြင်ရေးစီမံကိန်း” (Improvement of Quality Assurance Systems for Small and Medium sized Traditional Fish Product Processing Establishments in Myanmar) အကောင်အထည်ဖော်ဆောင်ရန် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ထုတ်ကုန်နည်းပညာစံနှုန်းများကို စနစ်ကျစေပြီး အချောထည်လုပ်ငန်းစဉ်များကို ကောင်းမွန်အောင် ပြုပြင်ပေးသည်။ လုပ်သားစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ အကြိမ်တစ်ရာနီးပါး ဖွင့်လှစ်ပေးခဲ့ကာ ထုတ်ကုန်နှင့် ရေအရည်အသွေး စစ်ဆေးခြင်း အကြိမ် ၃၀၀ ကျော် ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ ရေထွက်ကုန်ပစ္စည်းများ အချောထည် ပြုလုပ်မှုအဆင့်အတန်းကို ထိရောက်စွာ မြှင့်တင်ပေးခဲ့ပြီး ပိုမိုဘေးကင်း၊ အရည်အသွေးမြင့်မားသော ရေထွက်ကုန်ပစ္စည်းများဖြင့် မုန့်ဟင်းခါး၏ မုန့်ဟင်းရည်ဖြစ်လာစေပါသည်။ ထို့သို့ဖြင့် နိုင်ငံတကာဈေးကွက်သို့ဝင်ရောက်လာစေပြီး အိမ်ထောင်စုပေါင်းများစွာ၏ ထမင်းစားပွဲပေါ်သို့ ရောက်ရှိလာစေပါသည်။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု သံတမန်များ လေ့လာရေးခရီးစဉ်၌ သံအမတ်ကြီး Mr. Chen Hai ပါဝင်တက်ရောက်စဉ်။




လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ မြန်မာနိုင်ငံ အစားအစာတီထွင်ဆန်းသစ်မှုဌာန။

**စာမျက်နှာ ၇ သို့** ❂

❂ စာမျက်နှာ ၆ မှ

တရုတ်-မြန်မာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာပြည်သူလူထု၏ လူနေမှုဘဝ တိုးတက်ကောင်းမွန်ရေးကိုမြှင့်တင်ရန် အလေးထားမြှင့်တင်ပေးပါသည်။ မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်သော၊ ပြည်သူလူထုဘဝကို အကျိုးပြုသော၊ အရည်အသွေးမြင့်မားသော၊ “သေးငယ်သော်လည်း ထိရောက်မှုရှိသော” စီမံကိန်းများ ဖော်ဆောင်ပေးပါသည်။ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားဦးရေသည် နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ “ရော်ဘာစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးတိုးတက်စေရေးစီမံကိန်း” (Improvement of rubber plantation and production in Lancang–Mekong area, specifically Myanmar, Thailand and China) က မြန်မာတောင်သူလယ်သမားများအတွက် ရော်ဘာပျိုးပင် ၅၀၀၀၀ ပံ့ပိုးပေးခဲ့ပြီး နည်းပညာလက်စွဲစာအုပ်အရေအတွက် ၃၀၀၀၀ နီးပါး ဖြန့်ဝေပေးခဲ့ပါသည်။ “ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနည်းပညာလွှဲပြောင်းရေးစီမံကိန်း” (Rural Development and Vegetable Cultivation Technology transfers in Mekong–Lancang Region) က စံပြဥယျာဉ်ခြံမှတစ်ဆင့် မြန်မာတောင်သူများထံသို့ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းပညာများ လက်ဆင့်ကမ်းသင်ကြားပေးခဲ့ပါသည်။ “သစ်သီးဝလံအချောထည်ပြုလုပ်ခြင်း”၊ “တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်ရေးလေ့ကျင့်မှုဌာန” စသောစီမံကိန်းများက ကော်ဖီ၊ ဟင်းသီးဟင်းရွက်၊ မက္ကဒေးမီးယား



လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ပန်းချီ၊ ပန်းပု လူငယ်အနုပညာရှင်များ ကူးလူးဖလှယ်ရေးလှုပ်ရှားမှု။

စသည့် မြန်မာ့ပြည်တွင်းလယ်ယာထွက်ကုန်များ တန်ဖိုးမြင့်မားစေရေးအတွက် အထောက်အကူပြုပါသည်။ “သန့်ရှင်းရေးနှင့် အပင်ပိုးမွှားကင်းစင်ရေး စစ်ဆေးမှုအစီအမံများ တိုးတက်ကောင်းမွန်စေခြင်းဖြင့် လန်ချန်း-မဲခေါင်ဒေသရှိ လတ်ဆတ်သော သစ်သီးဝလံများ ကုန်သွယ်မှုမြှင့်တင်ရေး စီမံကိန်း” (Improvement of Sanitary and Phytosanity Measures to promote trade for fresh fruits in Lancang–Mekong region, specifically Myanmar,Thailand and China) က မြန်မာ့လယ်ယာထွက်ကုန်များတင်ပို့မှုကို လွယ်ကူချောမွေ့စေပါသည်။ အထက်ပါစီမံကိန်းများသည် တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းကိရိယာများကို တိုးတက်ကောင်းမွန်စေပြီး စွမ်းဆောင်ရည်များ မြှင့်တင်ပေးကာ ဝင်ငွေတိုးလာစေသည့်အတွက် လူနေမှုဘဝများကိုလည်း ပိုမိုသာယာလာစေပါသည်။ ထို့ပြင် “မြန်မာနိုင်ငံအမျိုးသားအဆင့် ဆိုလာ Photovoltaic အသုံးချမှုတိုးမြှင့်ရေးနှင့် လေ့ကျင့်ရေးစင်တာ” (Establish–ment Myanmar National Level Solar PV Application Promotion and Training Center to Accelerate the Capacity Building of Deployment of Solar Energy in Myanmar) ကိုလည်း တည်ဆောက်ပေးခဲ့ပါသည်။ ကံမော်ကြီး (Kan Maw Gyi) နှင့် ရေငံကြီး (Yae Ngan Gyi) ဒေသနှစ်ခုတွင် “နေရောင်ခြည်စွမ်းအင်သုံး အသေးစားဓာတ်အားကွန်ရက်မှ ဓာတ်အားပေးဝေရေးနှင့် ရေပေးဝေဖြန့်ဖြူးရေးစီမံကိန်း” (Solar Mini Grid Electricity Supply and Water Supply Distribution Project) ကို အကောင်အထည်ဖော်ဆောင်ခြင်း၊ “မြန်မာနိုင်ငံ မဲခေါင်မြစ် ဝမ်ပုံဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေး ဖြစ်နိုင်ခြေလေ့လာမှု” (Feasibility Study on Myanmar Wan Pong Port Improvement Project) ဆောင်ရွက်ခြင်း စသည်တို့သည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား၊ လမ်းပန်းဆက်သွယ်ရေး စသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုဘဝ တိုးတက်ကောင်းမွန်လာစေရေးကို အဟန့်အတားဖြစ်စေသည့် အခြေခံအဆောက်အအုံပြဿနာများကို ကူညီဖြေရှင်းပေးပါသည်။ “လန်ချန်း-မဲခေါင်နိုင်ငံများ ကျေးရွာအဆင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆန်းသစ်တီထွင်မှုပုံစံ အဆိုပြုချက်”(Innitiatives for Establishment of Innovative Model on Village Level Poverty Reduction among LMC Countries)၊ “ကူးလူးဖလှယ်မှုများဖြင့် လန်ချန်း-မဲခေါင်နိုင်ငံများ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာမိတ်စီမံကိန်း” (Promoting Alliances on Rural Development and Poverty Eradication among LMC Countries through Exchanges) တို့ ဖော်ဆောင်ပြီး ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လျှော့ချရေးဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန် ဖလှယ်အတုယူမှု အားကောင်းစေပါသည်။

**ချစ်ခင်ရင်းနှီးမှုများကို နက်ရှိုင်းစေ**

တရုတ်-မြန်မာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ အထွေထွေအင်အားကို မြှင့်တင်နိုင်ရန်၊ ဒေသတွင်းနိုင်ငံများအကြား ကွာဟချက်ကို ကျဉ်းမြောင်းစေရန်၊ ပိုမိုသာယာလှပသော လန်ချန်း-မဲခေါင်မိသားစုကြီးကို အတူဖန်တီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ “မြန်မာနိုင်ငံ လန်ချန်း-မဲခေါင် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ” (Lancang–Mekong Investment Seminar in Myanmar)၊ “မြန်မာ-လာအိုနယ်စပ်




လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးသုတေသနဌာန စီမံကိန်း။

ကျိုင်းလပ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးရုံး” (Establishing Kyainglap Border Trade Facilitation Office to Enhance Trade with Lancang–Mekong Countries)၊ “လန်ချန်း-မဲခေါင်နိုင်ငံများအကြား အားလုံးပါဝင်မှုနှင့် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ အကောင်းဆုံးလက်တွေ့ဆောင်ရွက်မှု” (Best Practice on Promoting Inclusive and Sustainable Invest–ment in Lancang–Mekong Countries) စသည့် စီမံကိန်းများသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးပါသည်။ သိပ္ပံနည်းပညာ ဆန်းသစ်တီထွင်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၊ လမ်းပြမြေပုံတို့ ရေးဆွဲရန် မြန်မာနိုင်ငံအားကူညီပံ့ပိုးပေးပြီး မြန်မာနိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)ဖွံ့ဖြိုးတိုးတက်ရေး သုတေသနဌာန ထူထောင်ကာ လန်ချန်း-မဲခေါင် တက္ကသိုလ်များအကြား သိပ္ပံ နည်းပညာဆိုင်ရာ ကူးလူးဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်ရင်း မြန်မာနိုင်ငံ၏ သိပ္ပံနည်းပညာ လွတ်လပ်စွာ ဆန်းသစ်တီထွင်မှုစွမ်းရည်ကို မြှင့်တင်ပေးပါသည်။ “မြန်မာ-တရုတ်-ကမ္ဘောဒီးယား ဆရာ ဆရာမများ ကူးလူးဖလှယ်ရေးအစီအစဉ်” (Teachers Exchange Program in Myanmar, China and Cambodia) နှင့် နယ်ပယ်အသီးသီးတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားဖြည့်ကူညီပေးပါသည်။ “မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသရှိ အဆိပ်အတောက်ရှိ ညစ်ညမ်းအရာဝတ္ထုများ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း” (Monitoring and Assessment of toxic organic contaminants in Mekong River Basin of Myanmar)၊ “နယ်စပ်ဖြတ်ကျော် မြူခိုးညစ်ညမ်းမှုအတွက် လေထုအရည်အသွေး စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း” (Project for Monitoring and Assessment of Air Quality in Transboun– dary Haze Pollution) စသောစီမံကိန်းများမှတစ်ဆင့် ပိုမိုနီးကပ်သော ဒေသတွင်းပတ်ဝန်းကျင် စောင့်ကြည့်ကာကွယ်ရေး ကွန်ရက်ဖြစ်လာစေပြီး သာယာလှပသော လန်ချန်း-မဲခေါင်မိသားစုကြီးကို အတူဖန်တီးလျက်ရှိပါသည်။ “လန်ချန်း-မဲခေါင် ယဉ်ကျေးမှုကူးလူးဖလှယ်ရေး လူငယ်များ စခန်းချလှုပ်ရှားမှု” (Lancang–Mekong Cultural Exchange Youth Camp)၊ “လန်ချန်း-မဲခေါင် ပန်းချီ၊ ပန်းပု လူငယ်အနုပညာရှင်များ ကူးလူးဖလှယ်ရေးလှုပ်ရှားမှု” (National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students)၊ “လန်ချန်း-မဲခေါင် ရုပ်သေးပွဲတော်” (Puppet Festival of Lancang–Mekong)၊ “လန်ချန်း-မဲခေါင် ရိုးရာအကပွဲတော်”(Lancang–Mekong Tradition–al Dances Festival) စသော စုံလင်လှသည့် လူမှုယဉ်ကျေးမှု ကူးလူးဖလှယ်ရေး စီမံကိန်းများမှတစ်ဆင့် လန်ချန်း-မဲခေါင်ခြောက်နိုင်ငံအကြား အပြန်အလှန် နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုများကို နက်ရှိုင်းစေပြီး လန်ချန်း-မဲခေါင် လူမှုယဉ်ကျေးမှု မိသားစုကြီးကို အတူဖန်တီးလျက်ရှိပါသည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုဖြင့် ခြောက်နိုင်ငံမှ ပြည်သူများကို အကျိုးပြုနေပြီး ကျယ်ပြောလှသည့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများရှိနေကြောင်းကို တရုတ် – မြန်မာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ လက်တွေ့အောင်မြင်မှုများက သက်သေထူနေပါသည်။

**အတူလက်တွဲရင်ဆိုင်ဖြေရှင်း**

လက်ရှိကမ္ဘာကြီးသည် မငြိမ်းချမ်းဘဲ မငြိမ်မသက်မှုများ၊ အပြောင်းအလဲများ ရောယှက်နေပါသည်။ စည်းလုံးညီညွတ်မှုနှင့် ကွဲလွဲမှုများ ပွတ်တိုက်မိနေပြီး အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ယှဉ်တွဲတည်ရှိနေပါသည်။ လန်ချန်း-မဲခေါင် ခြောက်နိုင်ငံသည် တစ်မြစ်တည်းရေ အတူသောက်သုံးကြပြီး ကံကြမ္မာချင်း ဆက်စပ်နေပါသည်။ “လှိုင်းကြီးလှေအောက်၊ တောင်ကြီး ဖဝါးအောက်” ဟူ၍ မြန်မာဆိုရိုးစကားရှိပါသည်။ ကျွန်ုပ်တို့သာ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပြီး အတူလက်တွဲရင်ဆိုင်ဖြေရှင်းကြပါက အခက်အခဲ လှိုင်းတံပိုးများကို သေချာပေါက် ကျော်ဖြတ်နိုင်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် ပိုမိုထွန်းပြောင်သော “ရွှေရောင်ငါးနှစ်” ကို ခြယ်မှုန်းပုံဖော်နိုင်မည်ဖြစ်သည်။ ယခုနှစ်သည် တရုတ်ကွန်မြူနစ်ပါတီ အကြိမ်(၂၀)မြောက် ပြည်လုံးဆိုင်ရာ ပါတီညီလာခံစိတ်ဓာတ်ကို ဘက်စုံအပြည့်အဝ အကောင်အထည်ဖော်ဆောင်နေသော ပထမဆုံးနှစ်ဖြစ်ပါသည်။ တရုတ်ပြည်သူများသည် တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ဆိုရှယ်လစ်စနစ် ခေတ်မီနိုင်ငံတော်ကြီးကို ဘက်စုံတည်ဆောက်လျက်ရှိပါသည်။ ယင်းသည် မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများအတွက် ပိုမိုကြီးမားသော ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ဆောင်ကြဉ်းပေးပါလိမ့်မည်။ ကျွန်ုပ်တို့သည် မြန်မာ့နယ်ပယ်အသီးသီးနှင့် အတူတကွကြိုးပမ်းဆောင်ရွက်ပြီး တရုတ်-မြန်မာ ဆက်ဆံရေးနှင့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုများမှ ပိုမိုများပြားသော ရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေး မြှင့်တင်ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံနှင့် ဒေသတွင်းပြည်သူများအတွက် ပိုမိုများပြားသော အကျိုးစီးပွားများ ဆောင်ကြဉ်းပေးရန် ဆန္ဒရှိပါသည်။ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု လမ်းကြောင်း ပိုမိုကျယ်ပြောလာမည်ဟု ယုံကြည်ပါသည်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၉) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား တက်ရောက်




(၇၉) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနား ကျင်းပစဉ်။

နေပြည်တော် မတ် ၁၉

၂၀၂၃ ခုနှစ် (၇၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၉) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဖတ်ကြားသည်။ ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၇၉) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် တာဝန်ရှိသူများသည် (၇၉) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဂုဏ်ဆောင် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆိုလာအစုံ ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ယင်းနောက်နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စက်ရေတွင်းသုံးတွင်းတူးဖော်ရန် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။ ဆက်လက်၍အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အားကစားပစ္စည်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် ပေါင်မြို့နယ် ကျိုက်ဖျဉ်ကူဘုရား ဂေါပကအဖွဲ့က ရှေးဟောင်းကြေးခေါင်းလောင်းကို မွန်ပြည်နယ်ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မွန်ယဉ်ကျေးမှုအကအဖွဲ့၊ ဗမာယဉ်ကျေးမှုအကအဖွဲ့၊ ကရင်ယဉ်ကျေးမှုအကအဖွဲ့နှင့် ပအိုဝ်းယဉ်ကျေးမှုအကအဖွဲ့တို့က ကပြဖျော်ဖြေကြပြီး တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးရန်ကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းတို့က ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားကာ တပ်နယ်မိသားစုများကို ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံ ထောက်ပံ့ငွေပေးအပ်စဉ်။

# (၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံ-မုရစ်ကလေး-ကမာကေးလမ်းပေါ်ရှိ တံတားအမှတ် (၆/၆) သံကူကွန်ကရစ်တံတားဖွင့်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၁၉**

(၄၉) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ချောင်းဆုံ-မုရစ်ကလေး-ကမာကေးလမ်းပေါ်ရှိ တံတားအမှတ်(၆/၆) အရှည် ပေ ၈၀ သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက တံတားတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက တံတားဆောက်လုပ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတံတားသည် ချောင်းဆုံမြို့နယ် မုရစ်ကလေးရွာနှင့် ကမာကေးရွာတို့ကို ဆက်သွယ်ပေးထားသည့် သံကူကွန်ကရစ်ရက်မကြမ်းခင်းနှင့် လက်ရန်းအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၈၀၊ တံတားအကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိသည်။

**သတင်းစဉ်**

# (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရာမညသဲသောင်ပြင်ဖွင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ ရာမညသဲသောင်ပြင်အပန်းဖြေနေရာဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



**နေပြည်တော် မတ် ၁၉**

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်အပန်းဖြေနေရာ ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရာမညသဲသောင်ပြင် အပန်းဖြေနေရာဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး တိုင်းရင်းသားအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ သဲသောင်ပြင် အပန်းဖြေနေရာများကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများ တိုင်းရင်းသားအကအဖွဲ့များ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

# (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်စာပေပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၉**

(၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်တိုင်းရင်းသားစာပေ ပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မော်လမြိုင်မြို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်နယ် ညွှန်ကြားရေးမှူးရုံးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် မွန်ယဉ်ကျေးမှုအဖွဲ့များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မွန်ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦးက ပြဋ္ဌာန်းစာအုပ်ပေးအပ်ပွဲနှင့် သက်မွေးပညာသင်တန်းဖွင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများထံ မွန်စာပေပြဋ္ဌာန်းစာအုပ်များကို ပေးအပ်ပြီး မွန်စာပေ၊ ကရင်စာပေ၊ ဗမာစာပေနှင့် ပအိုဝ်းစာပေ ကော်မတီကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေစာအုပ်များကို မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်ပြီး မွန်ယဉ်ကျေးမှုအဖွဲ့မှ ဟသ်ာအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နှင့် လေးမျက်နှာမြို့တို့တွင် ဆောင်ရွက်နေသည့် မြစ်ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရန်ကင်းစံရာ ကူးတို့ဆိပ်အောက်ပိုင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်နှင့် လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင်စတုမုခထူပါရုံ စေတီတော်ကြီးတည်ရှိရာ ကမ်းပါးပြိုကာကွယ်ရေး လုပ်ငန်းခွင်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





**မှာကြား**

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၃) ရပ်ကွက် ရန်ကင်းစံရာ ကူးတို့ဆိပ်အောက်ပိုင်း ၁၄ လမ်းနှင့် ၁၆ လမ်းအကြား၌ ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြို့ကမ်းပါးပြိုကျမှု အန္တရာယ်စိုးရိမ်ရသည့် အခြေအနေ ထပ်မံဖြစ်ပေါ်လာခြင်း မရှိစေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် နည်းပညာနှင့် ဒီဇိုင်းအတိုင်း စံချိန်စံညွှန်းပြည့်မီအောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိုးရာသီမြစ်ရေမတက်မီ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မြို့ကမ်းနားတစ်လျှောက် ကြိုတင်ကာကွယ် ဆောင်ရွက်သင့်သည့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများအတွက်လည်း နှစ်အလိုက် စီမံချက်ချမှတ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

**ရှင်းလင်းတင်ပြ**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ လေးမျက်နှာမြို့နယ်ရှိ သမိုင်းဝင် စတုမုခထူပါရုံ စေတီတော်ကြီး တည်ရှိရာ ကမ်းပါး ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက စေတီတော်မြတ်ကြီးအား မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ငဝန်မြစ်ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေး ရေလွှဲရေကာနံရံများ တည်ဆောက်ခြင်း၊ သောင်တူးဖော်ခြင်း၊ အခြေထိန်းဘိုးပိုင် တည်ဆောက်ခြင်း၊ ကမ်းပါးဆင်ခြေလျှောတွင် Geo Bag များ ချခင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအတွက် အသုံးပြုနေသည့် လုပ်ငန်းသုံးပစ္စည်းများကို အရည်အသွေးပြည့်မီအောင် သုံးစွဲဆောင်ရွက်ရေး၊ နိုင်ငံတော်ဘဏ္ဍာငွေကျခံ သုံးစွဲဆောင်ရွက် ပေးနေခြင်းဖြစ်၍ လေလွင့်မှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းများကိုလည်း အထိရောက်ဆုံးသော ရေရှည်ခံနိုင်ရည်ရှိမည့် ဒီဇိုင်းများဖြင့် တီထွင်ဖော်ထုတ် သုံးသပ်ဆောင်ရွက်သွားရေး၊ စေတီတော် အထက်နှင့် အောက်ဘက်ရှိ ရေနက်အိုးများအတွင်း သဲဖြည့်ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်နှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့မည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊ စေတီတော်အနီး ငဝန်မြစ်ရေကြောင်းကျဉ်းပြီး ရေနက်ကြောင်းများဖြစ်ပေါ်နေမှုကို လျှော့ချနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ရေကြောင်းချဲ့ သောင်တူးခြင်းလုပ်ငန်းကို မိုးရာသီမြစ်ရေမတက်မီ ပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းမှုကို အလေးထားဆောင်ရွက်စေရေး စသည်တို့ကို လမ်းညွှန် မှာကြားပြီးနောက် လုပ်ငန်းခွင်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မတ် ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**တိုက်တွန်းမှာကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ဈေးကွက်စီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများ၏ ဆောင်ရွက်မှုနည်းပညာများကို လေ့လာပြီး မိမိနိုင်ငံနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရေးတို့အတွက် စီးပွားရေးအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ အောင်မြင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြု ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် မိမိအလုပ်ကို အာရုံစိုက်ပြီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစုအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရေး၊ မျိုးကောင်းမျိုးသန့်များ မျိုးစပ်ပြီး မွေးမြူရေးဈေးကွက်ရရှိရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ စိုက်ပျိုးရေရရှိရေး၊ သွင်းအားစုများ ထောက်ပံ့နိုင်ရေး၊ စံပြလယ်ယာစနစ် ဖော်ဆောင်နိုင်ရေး၊ ဈေးကွက်ရရှိနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဒေသထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေးသင်တန်းများ ပို့ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သင်တန်းအောင်မြင်ပြီး ထူးချွန်သင်တန်းသားများအတွက် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာများ ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ရေရရှိရေး၊ မီးလင်းရေး၊ လမ်း၊ တံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် အရည်အသွေး ပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စံပြကျေးရွာများ ထူထောင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိဦးစီးဌာနနှင့်သာ သက်ဆိုင်သည်ဟု သဘောမထားဘဲ ဦးစီးဌာနလေးခုလုံး ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှသာ ပိုမိုထိရောက်မြန်ဆန် အောင်မြင်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပုသိမ်-ညောင်တုန်း လမ်းပိုင်းတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် အဆင့်မြှင့်တင်ရန် ကျန်ရှိသည့် လမ်းပိုင်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်တုန်း-ပန်းတနော်-အိမ်မဲလမ်းပိုင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အိမ်မဲ-မြောင်းမြ လမ်းပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ကျော်ဝင်းက လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် မြစ်၊ ချောင်း၊ အင်းအိုင်ပေါများပြီး မိုးများသည့်ဒေသဖြစ်၍ လမ်းအရည်အသွေး ပြည့်မီ၍ ရေရှည်အသုံးပြုနိုင်သည့် ဒေသနှင့် ကိုက်ညီသော လမ်းအမျိုးအစားကို စီစဉ်ဆောင်ရွက်ရန်၊ လမ်းထိန်းသိမ်းရေးအပိုင်းကို အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လုပ်ငန်းအထူးအဖွဲ့များ၊ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် ကျုံပျော်ခရိုင်တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ကျော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းအထူးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြမှုကို ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်သော လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ ပြည်သူများ သွားလာရေးနှင့်နေထိုင်ရေး လွယ်ကူအဆင်ပြေစေရန် လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ပြီး မိမိတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်းနှင့် အရာထမ်း/အမှုထမ်း အချင်းချင်း အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်ရေးစနစ်ဖြင့် ဆောင်ရွက်ရန်၊ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် နွေးထွေးသော ဆက်ဆံရေးတို့ဖြင့် အလေ့အထကောင်းများကို ဆက်လက်ထိန်းသိမ်း၍ နေထိုင်ဆောင်ရွက်သွားကြရန် ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ အရှည်ပေ ၂၁၄၀ ပုသိမ်ကြိုးတံတားဟောင်း ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်မှ မတ်လ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား (၂၉)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



မန္တလေး မတ် ၁၉

သီပေါဘုရင်မင်းမြတ် တည်ထားကိုးကွယ်ခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား (၂၉)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရားပရိဝုဏ်အတွင်း ယနေ့ မွန်းလွဲ ၂ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားတွင် အရှေ့ပြင် ဆင်တဲတိုက်၊ သာသနာလင်္ကာရကျောင်းဆရာတော်၊မဟာလောကရန်နိုမ်အောင်တော်မူမြတ်စွာဘုရား ဂေါပကအဖွဲ့ဩဝါဒါစရိယ ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုလ္လသရာလင်္ကာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကရန်နိုမ် အောင်တော်မူမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်းများ ကပ်လှူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြည်တို့က သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆရာတော် သံဃာတော် ၁၄၁ ပါးအား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြသည်။

သတင်းစဉ်



## ညောင်လေးပင်မြို့နယ်၌ မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂါနန္ဒ၏ ဂုဏာဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ညောင်လေးပင် မတ် ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဒက္ခိဏာရာမအသောကာရုံကျောင်းစာသင်တိုက် ပဓာနနာယက ဆရာတော် မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တအဂ္ဂါနန္ဒ၏ ဂုဏာဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို အဆိုပါစာသင်တိုက်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်ရဆရာတော်ကြီးအား ပလ္လင်ပင့်ဂါထာရွတ်ဆို၍ အခမ်းအနားအဆောင်အယောင်တို့ဖြင့် အခမ်းအနားသို့ ပင့်ဆောင်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မင်္ဂလာသုခကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကာ ဝဇီရာရာမခင်တန်းကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရက ဩဝါဒကထာမြွက်ကြားခဲ့သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သာသနာရေးဆိုင်ရာ လျှောက်ထားလွှာအား ဖတ်ကြားလျှောက်ထားခဲ့ပြီး ဆရာတော်အား ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကန်တော်ဦးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာက ဘွဲ့ခံဆရာတော်၏ ထေရုပ္ပတ္တိအား ဖတ်ကြားပူဇော်ခဲ့ပြီး နိုင်ငံကျော်အဆိုတော် ဝင်းလှဲ့ချယ်ရီက ဦးဩ(ကျူချောင်းမြေ)ရေးသားပူဇော်သော ရှစ်ဆယ်ပေါ်တေးထပ်ကို စောင်းဆရာနှင့်တွဲဖက်၍ သီကျူး ပူဇော်ခဲ့ကာ တပည့်ဒါယကာ ဒါယိကာမများက ပစ္စယာနုဂ္ဂဟများဖြင့် လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကတုတ်ကျောင်းဆရာတော်က ဝဇီရာရာမခင်တန်းကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရ ရေးသားအပ်သော ဂုဏာဘိတ္ထဝဂါထာဖြင့် ဘွဲ့ခံဆရာတော်အား ပူဇော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ရွှေဥက္ကလာဆရာတော် ဒေါက်တာ ဘဒ္ဒန္တစိန္တာမယ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၁၉

ပြည်တွင်း ပြည်ပ သာသနာပြု ဆေးရိုးပင်သဲအင်းဂူရိပ်သာများ၏ ဦးစီးပဓာနနာယက သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ ဗုဒ္ဓသာသနာဇောတိပါလ ပြည်တွင်းပြည်ပ သာသနပြု ရွှေဥက္ကလာဆရာတော် ဒေါက်တာဘဒ္ဒန္တစိန္တာမယ ဆရာတော်အား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် ဆေးရိုးပင် သဲအင်းဂူရိပ်သာ ခုနစ်ထပ်ကျောင်း၌ တပည့်သာဝကတို့က နိုင်ငံတော်မှ ဆက်ကပ်သော မဟာကမ္မဋ္ဌာနာ



စရိယဘွဲ့တံဆိပ်တော်၏ ထပ်ဆင့်ဂုဏ်ပြုပွဲကို ပူဇော်ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုပူဇော်ပြီး ဒဂုံမြို့သစ်မြောက်ပိုင်း အောင်မြေ ရတနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သီလဝံသာ ဘိဝံသထံမှ ငါးပါးသီလခံယူကာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ ဝိနယဝိဒူ ဝိနယပါဠိပါရဂူ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ထံမှ သရဏီယ ဩဝါဒကထာ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် ဗုဒ္ဓဂါယာကျောင်းမှ သာသနဓဇဓမ္မာစရိယ ဒေါက်တာ ဉာဏ ဒဿန အရှင်သူမြတ်က ဂုဏာဘိတ္ထဝထေရပူဇာ ဂါထာဖြင့် ပူဇော်ပြီး ဂုဏ်ပြုအပူဇော်ခံ ရွှေဥက္ကလာဆရာတော် ဒေါက်တာ ဘဒ္ဒန္တစိန္တာမယ အရှင်မြတ်ထံ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို တပည့်သာဝကတို့က ထပ်ဆင့် ဂုဏ်ပြုဆက်ကပ်ပူဇော်၍ ပင့်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် အလှူရှင်တို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နတ်တလင်းမြို့၌ ငွေပြည်တောင်ရာဇမုနိမြတ်စွာဘုရား ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် သံဃာ့ထေရ်ကြီးပူဇော်ပွဲ ကျင်းပ

နတ်တလင်း မတ် ၁၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ချောင်းသုံးခွအုပ်စု တာပွန်-မိုးညိုကားလမ်းဘေး၌ တည်ထားကိုးကွယ်ထားသော ငွေပြည်တောင်ရာဇမုနိမြတ်စွာဘုရားကြီးအား ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် သံဃာ့ထေရ်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စကျွံဓမ္မသုဆရာတော် ဦးပညာဒီပက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဖတ်ပူဇော်ပြီးဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ သက်တော် ၁၀၆ နှစ် ဝါတော် ၈၆ ဝါရှိ ဘုရားထူးကျောင်းဆရာတော်ဦးတေဇိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဝါတော် ၆၀ အထက် ဆရာတော်ကြီးများဖြစ်သော ဖန်ခါးပင်ကျောင်းဆရာတော် သက်တော် ၉၄ နှစ်၊ ကြွက်နွယ်တောကျောင်းဆရာတော် သက်တော် ၉၃ နှစ်၊ တောင်ပို့လှကျောင်းဆရာတော်သက်တော် ၈၅ နှစ်၊ တာဝတိံသာကျောင်းဆရာတော် သက်တော် ၈၃ နှစ်တို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ လောကနန္ဒာဘုရားကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥတ္တမသာရလင်္ကာရထံမှ အနုမောဒနာတရားနာယူကာ ရေစက်ချအမျှပေးဝေကြသည်။



ပူဇော်ပွဲအခမ်းအနားသို့ တာပွန်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ထွန်းဝင်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးချိုနှင့်အဖွဲ့၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များတက်ရောက်ကြကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

## ထိပ်ဝကြီးကျေးရွာ သဗ္ဗဇေယျသိဒ္ဓိစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

ညောင်တုန်း မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာ မင်္ဂလာကန်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်သည့် သဗ္ဗဇေယျသိဒ္ဓိစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ထို့နောက် သဗ္ဗဇေယျသိဒ္ဓိစေတီတော်မြတ်တွင် တင်လှူပူဇော်မည့် ထီးတော်၊ တံခွန်တိုင်တွင် တင်လှူပူဇော်မည့် ထီးတော်အလှူရှင်များ၊ အရံစေတီလေးဆူတို့၏ ထီးတော်အလှူရှင်များနှင့် အလှူရှင်များက ဘုံဆင့်အလိုက် ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်) အရှင်သူမြတ်က ထီးတော်သုံးဆူတို့၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို တင်လှူပူဇော်၍ အနေကဇာတင် ရေစက်ချ အနုမောဒနာတရားချီးမြှင့်တော်မူသည်။

ထို့နောက် မင်္ဂလာကန်ကျောင်း ဆရာတော် ဘဒ္ဒန္တကောသလ္လ အရှင်သူမြတ်အား သိက္ခာတော်ထပ်၍ သံဃာတော်အရှင်သူမြတ်များအား နဝကမ္မဝတ္ထုနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်ဆင်းလောင်းဒါနပြုကာ ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

# မြောက်ကိုရီးယားနိုင်ငံက ဂျပန်သီးသန့်စီးပွားရေးဇုန်ပြင်ပရှိ ပင်လယ်အတွင်းသို့ ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်

**ပြုံယမ်း မတ် ၁၉**

မြောက်ကိုရီးယားနိုင်ငံ၌ ပဲ့ထိန်းဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သည့် အဆိုပါ ပဲ့ထိန်းဒုံးကျည်သည် ဂျပန်သီးသန့်စီးပွားရေးဇုန်၏ပြင်ပရှိ ပင်လယ်အတွင်းသို့ ကျရောက်ခဲ့သည်ကို မြင်တွေ့ခဲ့ရကြောင်းလည်း ဂျပန်နိုင်ငံအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။ သို့ရာတွင် ယင်းပဲ့ထိန်းဒုံးကျည် ပစ်လွှတ်မှုကြောင့် လက်ရှိအချိန်အထိ ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း သိရသည်။

အဆိုပါဒုံးကျည်သည် အမြင့် ၅၀ ကီလိုမီတာအထိ ရောက်ရှိခဲ့ကြောင်းနှင့် ဂျပန်ပင်လယ်အတွင်းရှိ ပစ်မှတ်နေရာသို့ မရောက်ရှိမီ ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၈၀ နီးပါး အကွာအဝေးသို့ ပျံသန်းသွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းပစ်လွှတ်ခဲ့သည့် ပဲ့ထိန်းဒုံးကျည်သည် တာတိုပစ်ပဲ့ထိန်းဒုံးကျည်အမျိုးအစားဖြစ်ကြောင်းနှင့် စတင်ပစ်လွှတ်ခဲ့သည့်နေရာသည် မြောက်ကိုရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ တွန်ချန်ရီမြို့ဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယင်းပဲ့ထိန်းဒုံးကျည်ကို မတ် ၁၉ ရက်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း မြောက်ကိုရီးယားနိုင်ငံ၏ ခုနစ်ကြိမ်မြောက် ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်မှုဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# အီကွေဒေါနိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်၊ အနည်းဆုံး ၁၅ ဦး သေဆုံး

**ကွီတို မတ် ၁၉**

အီကွေဒေါနိုင်ငံတောင်ပိုင်း၌ ယမန်နေ့က အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အနည်းဆုံး ၁၅ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာအများအပြားရရှိခဲ့ကြောင်း သိရသည်။

ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်သည် ဒေသစံတော်ချိန် မတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် အီကွေဒေါနိုင်ငံ တောင်ပိုင်းကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်းတစ်ရပ်က ဆိုသည်။ ယင်းငလျင်သည် ခန့်မှန်းခြေမြေအောက် အနက် ၆၅ ဒသမ ၈ ကီလိုမီတာအထိ သက်ရောက်မှုရှိကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

သေဆုံးသူများအနက် ၁၄ ဦးသည် အီကွေဒေါနိုင်ငံ၌သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ အိမ်နီးချင်း ပီရူးနိုင်ငံ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အီကွေဒေါနိုင်ငံ၌ ထိခိုက်ဒဏ်ရာရရှိသူ ၃၈၁ ဦး ရှိသည်။

ငလျင်ဗဟိုချက်အနီးရှိ ဒေသများ၌ လူနေအိမ်အများအပြား ပြိုကျပျက်စီးခဲ့ကြောင်း အီကွေဒေါအစိုးရကဆိုသည်။ နိုင်ငံ၏တောင်ပိုင်း ကူအန်ကာပြည်နယ်၌ ကားတစ်စီးပေါ်သို့ အုတ်နံရံတစ်ခုပြိုကျခဲ့ပြီး အဆိုပါကားပေါ်ရှိ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆောက်အအုံပြိုကျခဲ့သည့်အတွက် အသက်လေးနှစ်အရွယ် မိန်းကလေးတစ်ဦး ဦးခေါင်းပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းကိုဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း သေဆုံးသွားကြောင်း အတည်ပြုခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# မာစီးဒီးကားထုတ်လုပ်ရေးကုမ္ပဏီက လျှပ်စစ်ကားစက်ရုံများတွင် ဒေါ်လာဘီလီယံများစွာ ရင်းနှီးမြှုပ်နှံမည်

**ဘာလင် မတ် ၁၉**

မာစီးဒီးကားထုတ်လုပ်ရေး ကုမ္ပဏီသည် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် လျှပ်စစ်ကားများကို အများအပြားထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်အလို့ငှာ လာမည့်နှစ်များအတွင်း တရုတ်၊ ဂျာမနီနှင့် ဟန်ဂေရီနိုင်ငံတို့ရှိ ကုမ္ပဏီပိုင်စက်ရုံများ၌ ဒေါ်လာဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ယနေ့စီအင်န်အေ သတင်းတစ်ရပ်အရ သိရသည်။

ဥရောပသမဂ္ဂသည် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအသုံးပြုသော ကားများရောင်းချမှုကို ၂၀၃၅ ခုနှစ်တွင် အဆုံးသတ်နိုင်ရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချရန် ပန်းတိုင်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မာစီးဒီးကားထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် ယခုဆယ်စုနှစ်ကုန်ပိုင်းမှစတင်ကာ လျှပ်စစ်ကဏ္ဍကို ဦးတည်ဆောင်ရွက်ရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။ မာစီးဒီးကားထုတ်လုပ်ရေးကုမ္ပဏီသည် စက်ရုံတစ်ခုလျှင် အမေရိကန်ဒေါ်လာ သုံးသန်းအထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ ပေကျင်းရှိ စက်ရုံ၊ ဂျာမနီနိုင်ငံရှိ ရက်စ်တက်စက်ရုံနှင့် ဟန်ဂေရီနိုင်ငံရှိ ကက်စ်ကီမက်စက်ရုံတို့တွင် အဆိုပါရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

# အမေရိကန်နိုင်ငံရှိ နျူကလီးယားထုတ်လုပ်ရေးစက်ရုံတစ်ခု၌ ရေဒီယိုသတ္တိကြွရေဂါလန် ၄၀၀၀၀၀ ခန့် ယိုစိမ့်မှုဖြစ်ပွား

**ဝါရှင်တန် မတ် ၁၉**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း မင်နီဆိုတားပြည်နယ်ရှိ မွန်တီဆယ်လို နျူကလီးယား ထုတ်လုပ်ရေးစက်ရုံ၌ ရေဒီယိုသတ္တိကြွရေဂါလန် ၄၀၀၀၀၀ ခန့် ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်နျူကလီးယား စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က မကြာသေးမီတွင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မွန်တီဆယ်လို နျူကလီးယား ထုတ်လုပ်ရေးစက်ရုံတွင် တွေ့ရှိသည့် ညစ်ညမ်းသောရေများ (ရေဒီယိုသတ္တိကြွရေ)ကို ရှင်းလင်းရန် Xcel Energy ကုမ္ပဏီ၏ ကြိုးပမ်းဆောင်ရွက်မှုများကို စောင့်ကြည့်လျက်ရှိကြောင်း မင်နီဆိုတားပြည်နယ် ညစ်ညမ်းမှုထိန်းချုပ်ရေးအေဂျင်စီ (MPCA) က ပြောကြားခဲ့သည်။

Xcel Energy ကုမ္ပဏီသည် မြေအောက်ရေများ ပုံမှန်အခြေအနေ ရှိ၊ မရှိစောင့်ကြည့်ခဲ့ရာ ပုံမှန်မဟုတ်သည့်အတွက် ညစ်ညမ်းသောရေများ (ရေဒီယိုသတ္တိကြွရေ) ယိုစိမ့်မှုနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းတွင် မင်နီဆိုတားပြည်နယ် အာဏာပိုင်များနှင့် အမေရိကန်နျူကလီးယား စည်းကမ်းထိန်းသိမ်းရေးကော်မရှင်သို့ အစီရင်ခံတင်ပြခဲ့ကြောင်း သိရသည်။

**စိုးရိမ်ပူပန်မှုဖြစ်စေခဲ့**

ရေဒီယိုသတ္တိကြွရေများ ယိုစိမ့်မှုကို လူသိရှင်ကြားထုတ်ပြန်ရာတွင် လေးလကြာ နှောင့်နှေးမှုသည် အများပြည်သူ ဘေးကင်းရေးနှင့် ပွင့်လင်းမြင်သာမှုအပေါ် စိုးရိမ်ပူပန်မှုဖြစ်စေခဲ့သည်။

လက်ရှိတွင် ရေဒီယိုသတ္တိကြွရေများ ယိုစိမ့်မှုကို ပြန်လည်ပြုပြင်ထိန်းသိမ်းခဲ့ပြီး မစ္စစ္စပီမြစ် သို့မဟုတ် ညစ်ညမ်းသောသောက်ရေအရင်းအမြစ်များသို့ မရောက်ရှိသေးကြောင်း Xcel Energy ကုမ္ပဏီက ထုတ်ပြန်ကြေညာခဲ့သည်။

ယခုအချိန်တွင် စက်ရုံအနီးတစ်ဝိုက်ရှိ သောက်ရေတွင်းများ၌ အန္တရာယ်ဖြစ်ပွားမှုကိုညွှန်ပြသည့် အထောက်အထားတစ်စုံတစ်ရာ မရှိသေးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထရီတီယမ် (Tritium) သည် သဘာဝအတိုင်းဖြစ်ပေါ်သည့် ရေဒီယိုသတ္တိကြွဟိုက်ဒရိုဂျင်ပုံစံတစ်မျိုးဖြစ်သည်။ ၎င်းသည် နျူကလီးယားဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းမှ ထွက်ပေါ်လာသည့် ဘေးထွက်ပစ္စည်းတစ်မျိုးဖြစ်သည်။

Monticello စက်ရုံ၏ အဆောက်အအုံနှစ်ခုကြားတွင် စီးဆင်းလျက်ရှိသည့် ရေပိုက်တစ်ခုမှ ယိုစိမ့်မှုဖြစ်ခဲ့ကြောင်း Xcel Energy ကုမ္ပဏီက ဆိုသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ အလိုအလျောက် မောင်းနှင်သည့် မော်တော်ယာဉ်များဝန်ဆောင်မှုကို စတင်ခွင့်ပြု

**ပေကျင်း မတ် ၁၉**

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ အလိုအလျောက်မောင်းနှင်သည့် မော်တော်ယာဉ်များ ဝန်ဆောင်မှုလုပ်ငန်းကို မတ် ၁၇ ရက်မှစပြီး မောင်းနှင်သုံးစွဲခွင့်ပေးခဲ့ကြောင်း သိရသည်။

တရုတ်နည်းပညာကုမ္ပဏီကြီး Baidu နှင့် အလိုအလျောက်မောင်းနှင်နိုင်သည့် မော်တော်ယာဉ်များ စတင်တီထွင်ဖန်တီးသည့် Pony.ai ကုမ္ပဏီတို့သည် အလိုအလျောက် မောင်းနှင်နိုင်သည့် မောင်းသူမဲ့မော်တော်ယာဉ်များကို အများသုံးလမ်းများပေါ်တွင် သုံးလကြာစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် မောင်းနှင်သုံးစွဲခွင့် အတည်ပြုချက်ရရှိခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မောင်းနှင်သည့်ကာလ သုံးလတာအတွင်း လမ်းဆုံများ၊ လမ်းကျဉ်းများ၊ မိုး၊ နှင်းများနှင့် သဲမုန်တိုင်းများကဲ့သို့သော ပြင်းထန်သည့် ရာသီဥတုအခြေအနေများတွင် အဆိုပါ အလိုအလျောက်မောင်းနှင်နိုင်သည့် မောင်းသူမဲ့မော်တော်ယာဉ်များက ယာဉ်ကြောဆိုင်ရာ အခက်အခဲများကို ကောင်းမွန်ဘေးကင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ကြောင်း သိရသည်။

ယခင်က အဆိုပါမော်တော်ယာဉ်များမောင်းနှင်ရာတွင် မော်တော်ယာဉ်အတွင်း ယာဉ်မောင်းတစ်ဦးလိုက်ပါရန်လိုအပ်သော်လည်း ယခုအချိန်တွင် ပေကျင်းစီးပွားရေး-နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇရိယာ၏ စတုရန်းကီလိုမီတာ ၆၀ အတွင်း ဘေးကင်းရေးအတွက် ယာဉ်မောင်းများလိုက်ပါခြင်းမရှိဘဲ မောင်းသူမဲ့ကားများကို မောင်းနှင်ခွင့်ပေးလိုက်ပြီဖြစ်သည်။

လက်ရှိအချိန်တွင် မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် မြေအောက်ရထားဘူတာများ၊ အဓိကစီးပွားရေးနေရာများ၊ ပန်းခြံများနှင့် လူနေရပ်ကွက်များကဲ့သို့သော နေရာအမျိုးမျိုးသို့ သွားရန်အတွက် မောင်းသူမဲ့ကားများကို ငှားရမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## မြောက်ဥက္ကလာပ၊ လှိုင်လင်နှင့် ကွန်ဟိန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



သက်ထွန်းအောင်နှင့် စိုင်းမင်းသူ(ခ)အိုက်မုန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၁၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဝေဘာဂီလမ်းတွင် ဟိန်းဇော်လှိုင်(ခ) ဟိန်းဇော်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၆ နာရီတွင် လှိုင်လင်မြို့ အမှတ်(၂) ရပ်ကွက်၌ သက်ထွန်းအောင် မောင်းနှင်ပြီး စိုင်းမင်းသူ(ခ) အိုက်မုန်း လိုက်ပါလာသော ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကွန်ဟိန်းမြို့ အမှတ်(၅)ရပ်ကွက်ရှိ မနန်းပိန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ ဟိန်းအောင်(ခ)ဟိန်းထက်သည် ၎င်းအသုံးပြုသည့် “Hein Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်နေ တင်မင်းထွန်းသည် ၎င်းအသုံးပြုသည့် “Tin Min Htun” Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာနေ သောင်းအေး(ခ)ထွေးကြီးသည် ၎င်းအသုံးပြုသည့် “မောင်ထွေး မောင်ထွေး” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလို သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၉

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ(၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်ကို ရှောင်ကွင်း၍ မူးယစ်ဆေးဝါးများကို Land Cruiser ယာဉ်ဖြင့် သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ ပိတ်ဆို့ရှာဖွေရေးဆောင်ရွက်နေစဉ် မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းရရှိထားသော မသင်္ကာယာဉ် ရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးရန် ရပ်တန့်စေရာ ရပ်တန့်စစ်ဆေးခံခြင်းမရှိဘဲ အရှိန်မြှင့်မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ညနေ ၃ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၅၈(A)လမ်းနှင့် ၁၁၀ လမ်းထောင့်တွင် အဆိုပါယာဉ်နှင့်အတူ တူးလွမ် အား ဆာလာအိတ် ၂၂ အိတ်အတွင်းမှ ဆပ်ပြာခွက် ၄၈၄၀ ဖြင့် ထည့်ထားသည့် ငွေကျပ် ၁ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ လမ်းတစ်လျှောက်ရှိ ရှာဖွေစစ်ဆေးရေးစခန်းများကို ရှောင်ကွင်း၍ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူကို သိမ်းဆည်းရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီး၌ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း မီးလောင်မှုကြောင့် ငွေကျပ် ၇၀၃၈ သန်းခန့်ဆုံးရှုံး

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လတာကာလအတွင်း မီးလောင်မှုကြောင့် ငွေကျပ် ၇၀၃၈ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လတာကာလအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှုအကြိမ်ရေ ၃၆၀ ဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၈၀၈ လုံး၊ စက်ရုံ/အလုပ်ရုံ နှစ်လုံးနှင့် ဂိုဒေါင် အလုံး၃၀ တို့ မီးလောင်ခဲ့ကြောင်း၊ မီးဘေးသင့်ပြည်သူ ၁၈၇၄ ဦး၊ သေဆုံးသူ ၂၅ ဦးနှင့် ဒဏ်ရာရရှိသူ ၆၄ ဦးရှိကာ ငွေကျပ်သန်းပေါင်း ၈၁၂၅ သန်းခန့် ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

နှစ်လတာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မီးလောင်မှု နှိုင်းယှဉ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ မီးလောင်မှု အကြိမ် ၆၀ ဖြင့် မီးလောင်မှုအများဆုံးဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း ၇၀၃၈ သန်းခန့် ရှိကြောင်း သိရသည်။

မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက် မှ ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံတစ်ဝန်း၌ မီးလောင်မှု ၁၅၀၇ ကြိမ် ဖြစ်ပွားခဲ့ရာ အိမ်ခြေအဆောက်အအုံ အလုံး ၃၅၈၀၊ စက်ရုံ/အလုပ်ရုံ ရှစ်လုံးနှင့် ဂိုဒေါင် ၂၆၉ လုံးတို့ မီးလောင်ခဲ့ကြောင်း၊ မီးဘေးသင့်ပြည်သူ ၈၉၀၉ ဦး၊ သေဆုံးသူ ၉၆ ဦးနှင့် ဒဏ်ရာရရှိသူ ၁၃၉ ဦးရှိကာ ငွေကျပ်သန်းပေါင်း ၆၇၆၅ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **ပွင့်သစ္စာ**

## ပျော်ဘွယ်မြို့နယ် ညောင်ပွင့်ကျေးရွာ လျှပ်စစ်လမ်းမီး စတင်လင်း

ရမည်းသင်း မတ် ၁၉

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဒဟတ်ကုန်းအုပ်စု ညောင်ပွင့်ကျေးရွာတွင် ယမန်နေ့နံနက် ၁၀ နာရီက ကျေးရွာအတွင်း လမ်းများ လျှပ်စစ်မီးလင်းရေး အောင်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်လျှပ်စစ် ဒုတိယမန်နေဂျာ ဦးအောင်ကျော်ငြိမ်းက ကျေးရွာအတွင်း လမ်းမီးလင်းရေးအတွက် 200-KVA ထရန်စဖော်မာအား လျှပ်စစ်မီးထည့်ကာ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၁၂၃ စုရှိပြီး အိမ်ခြေ ၁၁၉ အိမ် လျှပ်စစ်အိမ်သုံးမီးတာ တပ်ဆင်ပြီးပါက မကြာမီ လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း သိရသည်။ **၁၄၄**

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**








# အန္တရာယ်များရှိသော်လည်း ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလာကြသည့် စီးပွားရေးလုပ်ငန်းများ




**မောင်သာယာ**

အမေရိကန်စီးပွားရေးလုပ်ငန်းများသည် စိတ်ကူးအကြံဉာဏ်သစ်များရရှိရေးနှင့် ဖောက်သည်များနှင့် ဆက်ဆံရေးအဆင်ပြေစေရေးအတွက် Artificial Intelligence (AI) ဉာဏ်ရည်တုကိရိယာများကို စတင်အသုံးပြုလာကြပြီဖြစ်သည်။ ဉာဏ်ရည်တု(AI) ဆိုသည်မှာ စက်ရုပ်၊ စက်ပစ္စည်း၊ ကွန်ပျူတာတို့တွင် အသုံးပြုသည့် မှတ်ဉာဏ်စနစ်ကို ဆိုလိုခြင်းဖြစ်ပြီး လူနှင့်တိရစ္ဆာန်တို့တွင်ရှိသည့် သဘာဝမှတ်ဉာဏ်၏ အလုပ်လုပ်ပုံ လုပ်နည်းကို တုပပြုလုပ်ထားခြင်းဖြစ်သည်။

Mattel သည် ကလေးကစားစရာအရုပ်များပြုလုပ်ခြင်းဖြင့် လူသိများသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ အဆိုပါကုမ္ပဏီသည် Hot Wheels အရုပ်ကားသစ်များအတွက် အကြံဉာဏ်များရရှိရန် မကြာသေးမီက DALL-E ဟု ခေါ်သည့် ဉာဏ်ရည်တုရုပ်ပုံ ထုတ်ပေးသည့်စက်ကို အသုံးပြုခဲ့သည်။

အသုံးပြုပြီးသား ကားရောင်းချရေးလုပ်ငန်း CarMax သည် သုံးစွဲသူများ၏ မှတ်ချက်ပေးမှု ထောင်ပေါင်းများစွာကို စုဆောင်းရန် ChatGPT ကို အသုံးပြုလျက်ရှိသည်။ ChatGPT ဆိုသည်မှာ OpenAI အဖွဲ့အစည်းက ဖန်တီးထုတ်လုပ်ထားသည့် ဉာဏ်ရည်တုနည်းပညာသုံး Chatbot တစ်ခုဖြစ်သည်။ အင်တာနက်ထဲရှိ အချက်အလက်ပေါင်းများစွာဖြင့် လေ့ကျင့်ထားသည့်အပြင် အကြောင်းအရာဖြစ်စဉ်များကိုပါ အလိုအလျောက်သုံးသပ်နိုင်သည်။ ကိစ္စရပ်တစ်ခုအတွက် ကောင်းမွန်သည့် အဖြေများ ပြန်လည်ဖြေကြားပေးနိုင်သည့် ဉာဏ်ရည်တုနည်းပညာသုံး Chatbot တစ်ခုဖြစ်သည်။ အကျိုးအမြတ်မယူသော OpenAI အဖွဲ့အစည်းသည် ဉာဏ်ရည်တုနည်းပညာအသုံးပြုပြီး ရုပ်ပုံများထုတ်ပေးသည့် DALL–E စက်ကိုလည်း တီထွင်ဖန်တီးထားသည်။

ဆိုရှယ်မီဒီယာဝန်ဆောင်မှု Snapchat သည် ၎င်း၏စာတိုပေးပို့ခြင်းဝန်ဆောင်မှုတွင် Chatbot တစ်ခုကို ထည့်သွင်းထားသည်။ ထို့ပြင် ပို့ဆောင်ရေးဝန်ဆောင်မှုကုမ္ပဏီ Instacart သည်လည်း အစားအသောက်နှင့် ပတ်သက်သည့် မေးခွန်းများကိုဖြေဆိုရန် ယခုအခါ Chat GPT ကို အသုံးပြုလျက်ရှိသည်။ ကိုကာကိုလာကုမ္ပဏီသည်ပင်လျှင် ဈေးကွက်သစ်ရှာဖွေရေးအကြောင်းအရာများ ဖန်တီးရာတွင် ဉာဏ်ရည်တုကို အသုံးပြုရန် စီစဉ်လျက်ရှိသည်။ အဆိုပါနည်းပညာကို မည်ကဲ့သို့ အသုံးပြုမလဲဆိုသည်ကို အတိအကျမသိရသေးချေ။ သို့သော်လည်း စီးပွားရေးလုပ်ငန်းများတွင် ဝန်ထမ်းများနှင့် ဖောက်သည်များက ကြိုးစားလုပ်ဆောင်နေသည့်တိုင်အောင် ဉာဏ်ရည်တုကိရိယာများကို အသုံးပြုရန် ဖိအားများအောက်တွင် ရောက်ရှိနေသည်ကို ပြသလျက်ရှိသည်။

> **ChatGPT ကဲ့သို့သော စာသားထုတ်ပေးသည့် စက်များသည် အီးမေးလ်များနှင့် ဈေးကွက်ရှာဖွေမှုအတွက် စာရွက်စာတမ်းရေးသားခြင်း လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန် လွယ်ကူစေသော်လည်း သတင်းမှား၊ အချက်အလက်မှားများကိုလည်း ဖော်ပြပေးနိုင်သည်**

“ဉာဏ်ရည်တု နည်းပညာတွေကို အသုံးပြုတာ အန္တရာယ်ရှိတယ်ဆိုတာ ကျွန်တော်တို့ လက်ခံရပါမယ်” ဟု ကိုကာကိုလာ ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဂျိမ်းစ်ကွင်ဆီက OpenAI နှင့် ပူးပေါင်းလုပ်ဆောင်မှုကို ကြေညာသည့် ဗီဒီယိုတွင် ပြောကြားထားသည်။ လုပ်ငန်းခွင်တွင် ဉာဏ်ရည်တုကိရိယာများ အသုံးမပြုမီ ဖောက်သည်များ၊ လူမှုအဖွဲ့အစည်းနှင့် ကုမ္ပဏီအတွက် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို စီးပွားရေးလုပ်ငန်းများက အလေးထားစဉ်းစားသင့်ကြောင်း နည်းပညာကျွမ်းကျင်သူအချို့က သတိပေးထားသည်။

ကလာရီလီဘိုဝစ်ဇ်သည် အကျိုးအမြတ်မယူသောဉာဏ်ရည်တုနည်းပညာအဖွဲ့နှင့် မိတ်ဖက်ဖြစ်သည်။ အဆိုပါအဖွဲ့သည် ဉာဏ်ရည်တုနည်းပညာဖြင့် ထုတ်လုပ်ထားသော ရုပ်ပုံများ၊ အသံနှင့် အခြားမီဒီယာများနှင့်ပတ်သက်၍ မကြာသေးမီက ကုမ္ပဏီများအတွက် အကြံပြုချက်များ ထုတ်ပြန်ခဲ့သည်။ “လူတွေက ဒီနည်းပညာတွေကို အသုံးမပြုခင် လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့လည်း စဉ်းစားကြည့်သင့်ပါတယ်။ ဒီနည်းပညာတွေက ဘာရည်ရွယ်ချက်နဲ့ ဝန်ဆောင်မှုပေးနေတာလဲ” ဟု လီဘိုဝစ်ဇ်က ပြောကြားသည်။

စိုးရိမ်စရာအကြောင်းတစ်ခုရှိသည်။ ChatGPT ကဲ့သို့သော စာသားထုတ်ပေးသည့် စက်များသည် အီးမေးလ်များနှင့် ဈေးကွက်ရှာဖွေမှုအတွက် စာရွက်စာတမ်းရေးသားခြင်းလုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်လွယ်ကူစေသော်လည်း သတင်းမှား၊ အချက်အလက်မှားများကိုလည်း ဖော်ပြပေးနိုင်သည်။

ထို့ပြင် DALL–E ကဲ့သို့ ရုပ်ပုံထုတ်ပေးသည့် စက်များသည် ဒစ်ဂျစ်တယ်အနုပညာနှင့် ဓာတ်ပုံပညာများကူးယူခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်သင်ကြားထားသည်။ ယင်းသို့လုပ်ဆောင်ထားမှုကြောင့် အဆိုပါလက်ရာများ ဖန်တီးထားသူများထံမှ မူပိုင်ခွင့်ဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်လာစေသည်။

တီထွင်ဖန်တီးမှုနယ်ပယ်တွင် အမှန်တကယ်ရှိသော ကုမ္ပဏီများအနေဖြင့် အဆိုပါ ပုံစံများ၊ နမူနာများအတွက် မူပိုင်ခွင့်အကာအကွယ်ရှိကြောင်း သေချာစေချင်လျှင် ပွင့်ပွင့်လင်းလင်း မေးခွန်းထုတ်စရာရှိနေဆဲဖြစ်ကြောင်း အန်နာဂရက်ဆဲလ်က ပြောကြားသည်။ အန်နာသည် စီးပွားရေးလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာအသုံးပြုရေးနှင့်ပတ်သက်၍ ဥပဒေအကြံပေးတစ်ဦးဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာကိရိယာများကို“အတွေးမိတ်ဖက်” အဖြစ်အသုံးပြုခြင်းသည် ပိုမိုဘေးကင်းသော်လည်း လူသားများသည် နောက်ဆုံးထုတ်ကုန်များကို ဖန်တီးသူအဖြစ်ရှိနေဆဲဖြစ်ကြောင်း အန်နာက ပြောကြားသည်။

ရိုဝန်ကာရန်သည် သုတေသနနှင့် အကြံပေးကုမ္ပဏီ ဖော်ရက်စ်တာမှ တာဝန်ရှိသူတစ်ဦးဖြစ်သည်။ ဉာဏ်ရည်တုကိရိယာများကို စကားလုံးများစီစဉ်ရခြင်းနှင့် စာလုံးပေါင်းစစ်ဆေးရသော ရုံးလုပ်ငန်းများတွင် ပိုမိုသုံးစွဲသင့်သည်ဟု ရိုဝန်က ပြောကြားသည်။

လူများကြားတွင် ဉာဏ်ရည်တုကိရိယာများကို စိတ်ဝင်စားမှုများပြားလာခြင်းကြောင့် နည်းပညာကုမ္ပဏီများဖြစ်သည့် မိုက်ခရိုဆော့၊ အမေဇုန်နှင့် ဂူဂဲလ်တို့ကြားတွင်လည်း ယှဉ်ပြိုင်မှုကြီးထွားလာလျက်ရှိသည်။

မိုက်ခရိုဆော့ကုမ္ပဏီသည် OpenAI နှင့် မိတ်ဖက်အဖြစ် ဒေါ်လာဘီလီယံပေါင်းများစွာ ထပ်မံရင်းနှီးမြှုပ်နှံထားကြောင်း ယခုနှစ်အစောပိုင်းတွင် ကြေညာထားသည်။ ဂူဂဲလ်သည် ၎င်း၏ရှာဖွေရေးအင်ဂျင်တွင် Bard Chatbot ကို ထပ်မံထည့်သွင်းထားသည်။ ထို့ပြင် အမေဇုန်သည် ChatGPT ၏ပြိုင်ဘက်အဖြစ် Bloom ကိုတီထွင်ရန် Hugging Face နှင့် စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

*ကိုးကား – Businesses Use AI Tools Despite Risks ကို ဘာသာပြန်သည်။*

○ မြန်မာ့လက်ရွေးစင်မှ ခင်မိုမိုထွန်း၊ ဂျူလိုင်ကျော်၊ စန်းသော်သော်၊ နော်ထက်ထက်ဝေ၊ မြတ်နိုးခင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၅၃ မိနစ်တွင် Tang Han က Sichuan အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၈၂ မိနစ်တွင် ပုံ့ပုံ့ပြည့်မောင်က သွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၂၄ ရက်အထိ တရုတ်နိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ မြန်မာအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် မတ် ၂၂ ရက်တွင် တရုတ်အမျိုးသမီးကလပ် Changchun အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**



## ဇလွန်မြို့နယ် သရက်တပင်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ဇလွန် မတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သရက်တပင်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများက သရက်တပင်တောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၄ ပေ၊ ဒု တစ်ပေ မြေသားတင်ခြင်းနှင့် ကိုးလက်မ ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၄၁ ဒသမ ၆၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေကျားမန်ကုမ္ပဏီမှ ဇွန်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သရက်တပင်တောင်ကျေးရွာ၊ တမံကျေးရွာနှင့် ကံကြီးစုကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၄၃၀ မှ ထွက်ရှိသော လယ်ယာထုတ်ကုန် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

## ချောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ



ချောင်းသာ မတ် ၁၉

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့သို့ ယခင်ပုံမှန်ရက်များထက် ခရီးသည်ဝင်ရောက်မှုများပြားလျက်ရှိပြီး ယနေ့ နံနက်ပိုင်းက ချောင်းသာကမ်းခြေတွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ပိုစည်လာ

"တက္ကသိုလ်ဝင်တန်း ကလေးတွေ စာမေးပွဲပြီးသွားတာလည်း ပါမယ်ထင်တယ်။ ကျောင်းသားအရွယ်တွေ၊ လူကြီး၊ လူငယ်၊ လူလတ် အစုံလာလည်ကြတာများတယ်။ တစ်နေ့တစ်နေ့ ပိုစည်လာတယ်လို့ ထင်ပါတယ်။ ဈေးကလည်း အရင်ရက်တွေထက် ပိုရောင်းနေရတယ်"ဟု ကမ်းခြေတွင် ဈေးရောင်းလုပ်ငန်းလုပ်ကိုင်သူ ဦးဆန်းမင်းက ပြောသည်။

ချောင်းသာမြို့သို့ အပန်းဖြေခရီးသည် ဝင်ရောက်မှု ယခင်နေ့များထက် တစ်နေ့တခြား များပြားလာပြီး ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရေး ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ရောင်းချစေရေးနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာ စနစ်တကျ ရပ်နားနိုင်စေရေးတို့ကို မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် ကမ်းခြေ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းသာ(ပြန်/ဆက်)

## ဂွမြို့နယ် တိုင်ကျိုးကျေးရွာ၌ ကျေးရွာဘက်စုံသုံး ခန်းမတည်ဆောက်ပြီးစီးမှုစစ်ဆေး

ဂွ မတ် ၁၉

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လူထုဗဟိုပြုစီမံကိန်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆန်းလခြမ်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော တိုင်ကျိုးကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ယမန်နေ့က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် ဆန်းလခြမ်းကုမ္ပဏီမှ တာဝန်ရှိသူများက တိုင်ကျိုးကျေးရွာတွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၄၁ သန်းဖြင့် ဆန်းလခြမ်းကုမ္ပဏီမှဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား စစ်ဆေးကြသည်။

ထို့နောက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာ ပြုလုပ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၃-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၇၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၈၁၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၂၀၁၄ | ၂၀၈၈ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |


မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ဗုဒ္ဓ၏ ဝါဒရေးရာ ဖြေရှင်းချက်များ

စာရေးသူ ဝေမိုး(ကျွန်းလှ) ပြုစုရေးသားသည့် ဗုဒ္ဓ၏ ဝါဒရေးရာ ဖြေရှင်းချက်များ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စိတ်ဖြူစင်ရန်မှာ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူတစ်ပါးကျေးဇူးကန်းခြင်း၊ ဂုဏ်တုပြိုင်ဆိုင်ခြင်း၊ ပြုစုဝန်တိုခြင်း၊ လှည့်ပတ်စဉ်းလဲခြင်း၊ ချုပ်ချယ်မောက်မာခြင်း၊ မာန်ထောင်ခြင်းစသည့် အကျင့်များသည် စိတ်ညစ်ညူးကြောင်း၊ စိတ်မသန့်ရှင်းကြောင်းများပင်ဖြစ်သည်။ ထိုအရာများသည့် မကောင်းကြောင်း၊ မစင်ကြယ်ကြောင်းဟု သိသည့်အခါ မိမိစိတ်တွင် ပေါ်မလာစေရန် စွန့်ပစ်နိုင်ပါက စိတ်ဖြူစင်သန့်ရှင်းမည်ဖြစ်သည်။

ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှုရှိခြင်း၊ အရပ် ၁၀ မျက်နှာရှိသတ္တဝါများကို ခွဲခြားမှုမရှိဘဲ မေတ္တာပွားများခြင်း၊ ကရုဏာထားခြင်း၊ ဝမ်းမြောက်ခြင်းရှိပါကလည်း စိတ်ဖြူစင်နိုင်သည်။

ပုဏ္ဏားတချို့သည် နံနက်စောစောထကာ မြေကိုကိုင်ထားကြသည်။ မြေမကိုင်ချင်ပါက နွားချေးအစို၊ မြက်စိမ်းအစို တစ်ခုခုကို ကိုင်ရသည်။ ထိုသို့မကိုင်ချင်ပါက မီးဖိုပြီး နေကိုရှိခိုးရသည်။ ညနေတွင် မြစ်ရေသုံးကြိမ်ချိုးရသည်။ ထိုသို့ပြုလုပ်ပါက အပြစ်များကင်းပျောက်ကြောင်းကို ယုံကြည်ကြသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ရွှေပန်းထိမ်သား စုန္ဒက ဘုရားရှင်ကို လျှောက်ထားသည်။

မြတ်စွာဘုရားက စုန္ဒ၊ အရိယာသာသနာတွင် စင်ကြယ်မှု သုံးမျိုးသာရှိကြောင်း ဟောတော်မူသည်။ သူ့အသက် မသတ်ခြင်း စသည့် ကာယသုစရိုက် သုံးပါး၊ မှန်ကန်စွာပြောဆိုခြင်း စသည့် ဝစီသုစရိုက် လေးပါး၊ သူ့စည်းစိမ်ကို မကြံစည်ခြင်း စသည့် မနောသုစရိုက် သုံးပါး ပေါင်း ၁၀ ပါး၊ သုံးမျိုးကိုဆိုလိုခြင်းဖြစ်သည်။

မစင်ကြယ်စေခြင်းသည် ဒုစရိုက် ၁၀ ပါးပင်ဖြစ်သည်။ ဒုစရိုက် ၁၀ ပါးတွင် တစ်ပါးပါးနှင့် ပြည့်စုံလျှင်ပင် မစင်ကြယ်နိုင်တော့ပေ။ ထို့ကြောင့် ဘုရားရှင်က စုန္ဒ၊ ဒုစရိုက် ၁၀ မျိုးနှင့် ပြည့်စုံလျှင် မြေကိုကိုင်ပေမယ့် မစင်ကြယ်နိုင်၊ နွားချေးအစို၊ မြက်စိမ်းအစိုကိုကိုင်ရုံနှင့်လည်း စင်ကြယ်သူမဖြစ်နိုင်။ နေကို ရှိခိုးဆုတောင်ရုံ၊ တစ်နေ့ ရေသုံးကြိမ်ချိုးရုံဖြင့်လည်း မစင်ကြယ်နိုင်ပေ။ သုစရိုက် ၁၀ ပါးနှင့် ပြည့်စုံလျှင် မြေကိုမကိုင်လည်း စင်ကြည်သူဖြစ်သည်။ ရေမချိုးလည်း စင်ကြယ်သူဖြစ်ကြောင်းကို အင်္ဂုတ္တိုရ် စုန္ဒသုတ်တွင်ဟောကြားခဲ့ပါသည်။

စာအုပ်ကို ဓမ္မဂုဏ်ရည်စာစဉ် ရွှေပြည်သာ ဖုန်း-၀၉ ၇၇၇၇၇၇၁၉၂မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။




## စန္ဒာ ဝတ်ရှုတ်စဉ်

စာရေးသူ ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ) စီစဉ်ရေးသားသည့် စန္ဒာ ဝတ်ရွတ်စဉ် စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို စီစဉ်ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ ဒေါ်စန္ဒာအေးသည် ရတနာသုံးပါးကို အလွန်ကိုင်းရှိုင်းသူဖြစ်သည်။ နေ့စဉ်ဝတ်တက်ဝတ်ကပ်ရုံတွင်မကဘဲ ဘုရားကိုးဆူကိုပါ ပူဇော်လေ့ရှိသည်။ ယင်းသို့ဝတ်တက် ဝတ်ကပ်ခြင်းနှင့် ဘုရားကိုးဆူကို ပူဇော်ရွတ်ဖတ်ရာတွင် ဝတ်ရွတ်စဉ်စာအုပ်တို့ကို သုံးအုပ်၊ လေးအုပ်ထိ ကိုင်ရသည်၊ သို့ဖြစ်ရာ ဝတ်ရွတ်စဉ် တစ်အုပ်တည်းမှာပင် စုံလင်စွာပါရှိပါက စာအုပ်များစွာကို မကိုင်ရတော့ဘဲ ထိုစာအုပ်တစ်အုပ်တည်းဖြင့် လိုရာကိုယူဆောင်သွားပါက အဆင်ပြေပြီး ရောက်သည့်နေရာတွင် ရွတ်ဖတ်ပူဇော်နိုင်မည်ဖြစ်သည်။ ဤသို့သော ရည်ရွယ်ချက်ဖြင့် သူပါစေချင်သောအချက်အလက်များကိုပေး၍ ပါသင့်သော အချက်အလက်များကိုပါ ထည့်သွင်းလျက် ဝတ်ရွတ်စဉ်စာအုပ်ကို မွေးနေ့အမှတ်တရအနေဖြင့် စီစဉ်ပေးပါဘုရား ဟူ၍ လျှောက်ထားတောင်းပန်လာပါသည်။ လျှောက်ထားတောင်းပန်ချက်အရ ဤစာအုပ်ကို စီစဉ်ပေးရခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် တရားဟောကြားနေသည်ကို နာယူကြရသည့် တရားနာပရိသတ်သည်ရှေ့မှပဲ နာယူသည်ဖြစ်စေ၊ နောက်ဘက်(ကျောဘက်) မှပဲ နာယူသည်ဖြစ်စေ မြတ်စွာဘုရားရှင်၏ ရွှေမျက်နှာတော်ကိုပင် မြင်နေရလျက် တရားတော်အသံကို နာကြားရ၏။ ဥပမာအားဖြင့် အထက်ကောင်းကင်ပေါ်မှ လဝန်းစန္ဒာကဲ့သို့ပင် ဖြစ်သည်။ အထက်အညာ မန္တလေးမှဖြစ်စေ၊ ရန်ကုန်မှဖြစ်စေ နေကြသူတွေအဖို့ အထက်ဝေဟင်ကောင်းကင်မှ လဝန်းစန္ဒာကို မော်ကြည့်လိုက်လျှင် အသီးသီး မိမိတို့၏ အထက်မှာပင်ရှိနေသည်ဟူ၍ မှတ်ထင်လျက်မြင်ကြရ၏။ ထိုလဝန်းစန္ဒာ ဥပမာကဲ့သို့ပင် မြတ်စွာဘုရားရှင်ကိုလည်း ဘယ်အရပ်ဒေသမှပဲ ဖူးမြော်သည်ဖြစ်စေ ရွှေမျက်နှာတော်ကိုပင်မြင်ကြရပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားလောင်းဘဝ ပါရမီဖြည့်စဉ်က တန်ဆာဆင်ထားသော ဦးခေါင်းကို ဖြတ်တောက်လှူဒါန်းခဲ့ခြင်း၊ ဆေးခြယ်ထားသော မျက်စိမျက်လုံးတို့ကိုဖောက်၍ပေးခဲ့ခြင်း၊ နှလုံးသားကိုပင် ထုတ်၍လှူဒါန်းခဲ့ခြင်း၊ ကျေးကျွန်အလို့ငှာ ဇာလီနှင့်တူသော သားများ၊ ကဏှာဇိန်နှင့်တူသော သမီးများ၊ မဒ္ဒီဒေဝီနှင့်တူသော ဇနီးမယားတို့ကို သူတစ်ပါးတို့အား လှူဒါန်းပေးကမ်းခဲ့ခြင်း ဒါနပါရမီ၏အကျိုးတရားပင်ဖြစ်သည်။

စာအုပ်ကို ဦးမြင့်ဦး(သိန်းသန်းဦး အောက်ဖ်ဆက်)၊ အမှတ် (၁၂၁/၁၁၉)၊ (၃၄)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁ ၂၅၂၆၂၀နှင့် ၃၉၈၀၃၁ တို့မှ ပုံနှိပ်ထုတ်ဝေသည်။





## ပခုက္ကူ

စာရှုသူများ ပခုက္ကူမြို့အကြောင်းကို ဗဟုသုတရစေရန် စာရေးသူ သန်းလင်း (ရွှေချောင်း- ပခုက္ကူ) ရေးသားသည့် ပခုက္ကူ စာအုပ် ထွက်ရှိလာသည်။

ပခုက္ကူဒေသတွင် လူသားအစဖြစ်တည်ရာဟု ယူဆရသော နှစ်သန်းပေါင်း ၄၀ ကျော်က ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဗဟင်းရွာနှင့်တကွ ရှေးဟောင်းစေတီပုထိုးများ၊ ရှေးဟောင်းမြို့တည်ရှိရာ ပုခန်းကြီးဒေသတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ညောင်ရမ်း၊ အမရပူရ၊ ရတနာပုံခေတ်တို့တိုင် ခေတ်အဆက်ဆက်က ဘုရားကျောင်းကန်၊ စေတီ ပုထိုးပေါင်း မြောက်မြားစွာတည်ရှိနေပေသည်။ ပခုက္ကူမြို့၏ သက်တမ်းမှာ နှစ် ၁၀၀ ကျော်မျှသာ သက်တမ်းရှိသည်။ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ၁၈၉၅ ခုနှစ်ဝန်းကျင်က ခရိုင်မြို့အဖြစ်ဖွဲ့စည်းပြီး ရုံးစိုက်စေခဲ့သည်။ ထိုစဉ်က ပခုက္ကူခရိုင်တွင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဆော၊ ထီးလင်းနှင့် ဂန့်ဂေါမြို့တို့ဖြင့် ဖွဲ့စည်းခဲ့ရာမှ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ယောနယ်ဒေသ သုံးမြို့ဖြစ်သည့် ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့တို့ကို ခရိုင်တစ်ခုအဖြစ် ၁၉၉၆ ခုနှစ်ဝန်းကျင်က ခွဲထွက်သွားခဲ့သည်။ ပခုက္ကူမြို့ ရွှေကူဘုရားအနီးရှိ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း၏ ကိုယ်လုပ်တော်မယ် စိမ်းညို၏သားသေအား အုတ်ဂူသွင်းထားရှိသည့်အရပ်ကို အစွဲပြု၍ သားထုတ်ဂူဟု ခေါ်ဝေါ်လာရာမှ ကာလရွေ့လျားလာသော ယခုအခါတွင် ပခုက္ကူဟု တွင်ကျယ်စွာ ခေါ်ဆိုနေခြင်းဖြစ်သည်။

ပခုက္ကူဒေသ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် အထည်ရက်လုပ်ခြင်း လုပ်ငန်းများအပြင် သနပ်ဖက်ဆေးလိပ်ခုံများ၊ သားရေဖိနပ်ချုပ်လုပ်ငန်းများလည်း မြောက်မြားစွာရှိနေသည်။ အဓိကထွက်ကုန်များဖြစ်သော ပဲမျိုးစုံ၊ ထန်းလျက်၊ ဆီးသီးများ ပွဲရုံအသီးသီးသို့ လာရောက်ရောင်းချကြသဖြင့် အထူးစည်ကားရခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ တင်ဆောင်လာသော ဆန်သင်္ဘောများသည် ပခုက္ကူမြို့အထက်သို့ ဆက်လက်မသွားကြဘဲ ပခုက္ကူသည် ဂိတ်ဆုံးဖြစ်သကဲ့သို့ ဆန်သင်္ချိုင်းဟု တင်စားရလောက်အောင် ဝယ်ယူမှုအားကောင်းသော ဒေသတစ်ခုဖြစ်သည်။

စာအုပ်ကို ဦးမျိုးဆင့်(မြဲ-၀၁၁၄၁) အမှတ်(၂၈/က)၊ ၁/အနော်မာ (၃) လမ်း အနောက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ သတ်မှတ်ထားသည်။





## ပူတူတူးလေး ရယ်စရာရွှင်စရာ ရောင်စုံ ဉာဏ်စမ်းပဟေဠိ(၅)

စာရေးသူ မြတ်သူစံ(ဝါးခယ်မ) စီစဉ်သည့် ပူတူတူးလေး ရယ်စရာရွှင်စရာ ရောင်စုံ ဉာဏ်စမ်းပဟေဠိ(၅) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကလေးသူငယ်များ ပျော်ရွှင်စွာ လေ့လာဖတ်ရှုနိုင်စေရန် အမေး၊ အဖြေများဖြင့်ရေးသားထားသည်။ အမေး- ငါးတွေထဲမှာ အကြီးဆုံးမဟုတ်ဘဲ အကြီးဆုံးအမည်နဲ့ငါးဟာ ဘာငါးလဲ။ အဖြေ-ငါးကြီး(ငါးကျည်း)။ အမေး-သစ်စေ့တွေဟာ အများအားဖြင့် အသီးရဲ့အတွင်းမှာသာရှိကြပါတယ်။ အသီးရဲ့အပြင်မှာ အစေ့ထွက်နေတဲ့ အသီးကိုသိပါသလား။ အဖြေ-သီဟိုဠ်သရက်။ အမေး-ပါးစပ်အကျယ်ဆုံးတိရစ္ဆာန်ကို သင်သိပါသလား။ အဖြေ-ရေမြင်း။ အမေး-လူနှစ်ယောက်ရပ်နေရင်း တစ်ယောက်က ခင်ဗျားကို ကျွန်တော်ကြည့်လို့မရဘူးလို့ဘာ့ကြောင့်ပြောတာလဲ။ အဖြေ-မျက်စိမမြင်လို့။ အမေး-ထုလိုက်မှ လည်လည်ဝယ်ဝယ်ဖြစ်သွားတာဘယ်သူလဲ။ အဖြေ-ကြေးစည်။ အမေး-တောင်တော့တောင်ပဲ၊ လက်နဲ့အသာကလေးကိုင်ချိုးလို့ရတာ ဘာတောင်လဲ။ အဖြေ-ယပ်တောင်ပေါ့။

စာအုပ်ကို ပညာဗိမာန်စာအုပ်တိုက် အမှတ်(၂၂၈)၊ အနော်ရထာလမ်းနှင့် ၃၉-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၅၃၁၄၃၊ ၀၉ ၅၁၃၆၇၄၆နှင့် ပညာချွန်စာအုပ်ဆိုင် အမှတ်(၉၂)၊ အနော်ရထာလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် (၃၉) လမ်းကြား(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၂၄၀၅၀၁တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။




## ထော်နီကြည်မောင်၏ ဘဝအပိုင်းအစများ

ဆလိုင်းမောင်လင်္ကာ(ပေါက်ခေါင်း)ရေးသားသည့် ထော်နီကြည်မောင်၏ ဘဝအပိုင်းအစများ စာအုပ်ထွက်ရှိလာသည်။

ဆလိုင်းမောင်လင်္ကာ(ပေါက်ခေါင်း)၏ ငယ်စဉ်ဘဝ တွေ့ကြုံဖြတ်သန်းမှုများကို မြူးမြူးသွက်သွက် မှတ်တမ်းတင်ထားသော စာအုပ်ဖြစ်သည်။ သူသည် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပေါင်းစပါး အရှိုချင်းဗုဒ္ဓဘာသာကျေးရွာတွင် မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်သည်။ စာတတ်ပေတတ် ရဟန်းလူထွက် သူကြီး ဦးဘိုးခ၏ ရပ်ရွာစည်ကားရေး၊ သာသနာထွန်းကားရေးအတွက် ဆောင်ရွက်ချက်များတွင် ပျော်မွေ့အားကျရာမှ ရှင်ရဟန်းအဖြစ် စာပေပရိယတ္တိသင်ယူခဲ့ရန် အစပြုခဲ့ပုံများ ပါဝင်သည်။ ကလေးလူငယ်ဘဝက ကြုံတွေ့ခဲ့ရသော အလွဲဇာတ်လမ်းများကိုပါ ဟာသနှော၍ တင်ပြထားသည်။ စာအုပ်ပါ ဖော်ပြချက်များသည် ထိုခေတ်ထိုဒေသ၏ သမိုင်းမှတ်တမ်းအပိုင်းအစများလည်းဖြစ်ကြောင်း တွေ့ရသည်။

စာအုပ်ကို ဦးဆလိုင်းရွှေလင်း(မှတ်ပုံတင်-၀၀၆၇၀) သုဒန္တစာပေ၊ အမှတ်-၃၁၊ ဖ-လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၅၁၅၆၆၄နှင့် ၀၉-၂၅၀၀၂၄၄၃၈တို့မှ ဓမ္မဒါနပြုသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၉**

ရခိုင်ပြည်နယ် အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ အထူးကု ဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ် လူနာခြောက်ဦးအား ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေး၍ မျက်စိခွဲစိတ် လူနာများအား မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများအား တပ်မတော်ရေယာဉ်ဖြင့် စိုးမဲကျီဆိပ်ကမ်းသို့ ပြန်လည်ပို့ဆောင်ပေးသည်။

**ဆက်လက်ဆောင်ရွက်**

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် စိုးမဲကျီကျေးရွာရှိ ဓမ္မရက္ခိတ စိုးမဲကျီကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၀၈ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၈၂ ဦး၊ ခွဲစိတ်ရောဂါ ၅၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၁၁၄ ဦး၊ အရိုးရောဂါ ၁၁၀၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၂၁၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၉ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။









ဒေသခံပြည်သူများ

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

ကြက်ခြေနီ တပ်ဖွဲ့က ပေါက်တောမြို့မှာလာပြီး ပါဝင်ကူညီဆောင်ရွက်ပေးတာ ဖြစ်ပါတယ်၊ ဆေးရုံဆေးခန်းကတော့ ပေါက်တောမြို့မှာ ဖွင့်ထားတဲ့ ဆေးခန်းတွေတော့ ရှိပါတယ်၊ ဒါပေမဲ့ ပြည့်စုံလုံလောက်မှု မရှိတာတွေတော့ ကြုံရပါတယ်၊ အခုလို သင်္ဘောကြီး လာတဲ့အတွက် အင်မတန်မှ အားလဲရှိပါတယ်၊ သင်္ဘောကြီးက ဆေးကုသဖို့ လာတယ်ဆိုတာ တစ်သက်မှာ တစ်ခါမှ မကြုံဖူးပါဘူး၊ အခုချိန်မှာ သင်္ဘောကြီး ရောက်ခဲ့တဲ့အတွက် ဒေသခံပြည်သူတွေ တစ်ရက်မှာ တစ်ထောင်ကျော် ဆေးကုသခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ တချို့ဆိုရင် မျက်စိ လုံးဝကွယ်နေတဲ့သူတွေကိုတောင် ဆေးဝါးအပြည့်စုံနဲ့ ကုသပေးမှုကြောင့် မျက်စိမြင်ရတဲ့အထိ အောင်မြင်စွာ ကုသပေးနိုင်တာကို ကိုယ်တိုင်တွေ့ကြုံခဲ့ရပါတယ်၊ ဒါကြောင့် ဒေသခံတွေကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါတယ်၊ အထူးပြောချင်တာကတော့ အခုလာပြီး ကျန်းမာရေးကို စေတနာ အနစ်နာခံ ကုသပေးတဲ့ ဆရာ ဆရာမတွေ၊ ပါရဂူတွေ၊ ကူညီလုပ်ကိုင်ပေးတဲ့ သူတွေက အစ အင်မတန်မှ ဝမ်းသာမိပါတယ်၊ ဒီနေရာမှာရှိတဲ့ ဒေသခံတွေက ငွေကြေးအရသော် လည်းကောင်း၊ လမ်းပန်း ဆက်သွယ်ရေးအရသော်လည်းကောင်း တော်တော်လေး ခက်ခဲနေတာဖြစ်ပါတယ်၊ ဒီဒေသကိုသင်္ဘောကြီးလာရောက်ကုသပေးတဲ့အတွက် ဒေသခံတွေက အင်မတန်မှ ပျော်ရွှင်ပီတိလည်းဖြစ်ရပါတယ်၊ ဝမ်းပန်းတသာနဲ့ကြိုဆိုနေတာကို မျက်မြင်ကိုယ်တွေ့ မြင်ရပါတယ်၊ အခုလို လာရောက်ပေးတဲ့အတွက် ကန္တာရမှာ မိုးရွာသလိုပါပဲ လာပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေက အခုလို စီစဉ်ပေးတဲ့အတွက် သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ၊ သူနာပြုတွေ၊ ဆရာမတွေ၊ ဆရာတွေ သက်ဆိုင်ရာဌာနအသီးသီးက ဝိုင်းဝန်းကူညီကြသူတွေ အားလုံးကို အထူးကျေးဇူးတင်ပါတယ်၊ နောက်နောင်ကို ကျွန်တော်တို့မြို့နယ်ကို လာခဲ့ပါလို့ တောင်းဆိုပါတယ်၊ လာပါစေလို့လည်း ဆုတောင်းပါတယ်။

**ကျေးဇူးတင်**

အခမဲ့ ဆေးကုသပေးမယ်လို့ ပေါက်တောမြို့မှာ ကြေညာပါတယ်၊ အသွားအပြန်အားလုံး အခမဲ့လုပ်ပေးမယ်လို့ ပြောပါတယ်၊ တပ်မတော်အခမဲ့ဆေးတပ်ဖွဲ့ကနေပြီး အခမဲ့ပို့ဆောင်ပေးပါတယ်၊ အခုလို လာရောက်ကုသပေးတဲ့အတွက် ဝမ်းသာမိပါတယ်၊ ဂရုစိုက်ပြီး ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဘင်္ဂလားပင်လယ်အော်နဲ့ နီးတဲ့အတွက် သွားရလာရအခက်ခဲဆုံးနေရာကို လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီလို ကျန်းမာရေးစောင့်ရှောက်မှုတွေကို တစ်နှစ်တစ်ခါလာရောက်ကုသပေးစေ ချင်ပါတယ်၊ ဒီလို နိုင်ငံတော်ကနေပြီး ရခိုင်ပြည်နယ်ကိုလာရောက်ပြီး အခမဲ့ဆေးကုသပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီး

**ရန်ကုန် မတ် ၁၉**

ဝေဇယန္တာလမ်း ဂန္ဓမာလမ်းသွယ်မှ တာမွေမြို့နယ် လေးထောင့်ကန်လမ်းဆုံအထိ ယာဉ်လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ကတ္တရာကွန်ကရစ် ထပ်ပိုးခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ပထမအပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းခြင်းလုပ်ငန်းများ ရတနာလမ်းဆုံအထိ ပြီးစီးနေပြီဖြစ်၍ လမ်းလယ်ကျွန်းနေရာများတွင် လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်ဥက္ကလာပမြို့နယ်ရှိဝေဇယန္တာလမ်းကို လွန်ခဲ့သည့်နှစ် ၃၀ ကျော်က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တာဝန်ရှိသူများသည် ရန်ကုန်မြို့ဦးဝိစာရလမ်းကို အတုယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။



တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းဆုံအား လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ဝေဇယန္တာလမ်း စတင်တည်ဆောက်ချိန်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အနာဂတ်တွင် ဖွံ့ဖြိုးလာမည့်ယာဉ်သုံးစွဲမှု လမ်းကွန်ရက်ဆက်စပ်မှုနှင့် ၁၉၅၈ ခုနှစ်က အိမ်စောင့်အစိုးရလက်ထက် တည်ဆောက်ခဲ့သော မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပနှင့် သာကေတမြို့နယ်တို့ကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဝေဇယန္တာလမ်းကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝေဇယန္တာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလကွန်ကရစ် ခြောက်လမ်းသွားအား ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း၊ လမ်းသားတိုးချဲ့ပြီး အနှေးယာဉ် စက်ဘီးလမ်းသစ် ဖော်ထုတ်တည်ဆောက်ခြင်း၊ ရေရှည် လမ်းကြံ့ခိုင်မှုရှိစေရန် လမ်းဘေးဝဲ/ယာရှိ အုတ်ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းလယ်ကျွန်းရှိ သစ်ပင်များ ပုံသွင်းပြုပြင်ထိန်းသိမ်းခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်မှု မီးသတ်ရေငုတ်များပြုပြင်ခြင်း အသစ်လဲခြင်း၊ ယာဉ်လမ်းပြ အမှတ်သားများပြုလုပ်ခြင်း၊ လူကူးမျဉ်းကြားအချက်ပြမီးပွိုင့် လမ်းညွှန်ဆိုင်းဘုတ်တို့ကို စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လမ်းလယ်ကျွန်းနေရာများတွင် လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူနေမှု၊ လမ်းနှင့် မလွတ်ကင်းသော ဓာတ်တိုင်၊ တယ်လီဖုန်းတိုင်နှင့် အင်တာနက်ကြိုးများ စနစ်တကျရှိစေရန် ပြုပြင်ထိန်းသိမ်းနေမှုများကို သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောလှိုင်ဝင်း**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်



(၅-၃-၂၀၂၃ ရက်နေ့မှအဆက်)

ငင်းသည် ဘုရားရှင်တရားဟောနေစဉ် တရားပလ္လင်နားသို့သွားပြီး ဘုရားရှင်၏ရှေ့တော်၌ ရပ်လျက် သူသည် ဘုရားရှင်နှင့်ပတ်သက်၍ ကိုယ်ဝန်ဆောင်ရကြောင်း၊ ယင်းကိုယ်ဝန်အတွက် စောင့်ရှောက်ရန် သူ၏ဒါယကာ အနာထပိဏ်သူဌေး၊ ဒါယိကာမ ဝိသာခါတို့အား ပြုစုစောင့်ရှောက်ရန် မပြုဘဲ မွေ့လျော်ရာတစ်ခုတည်းကို သိကြောင်း မလိုလားအပ်သော မဟုတ်မမှန်စကားများ လုပ်ကြံ၍ ဘုရားရှင်အား စွပ်စွဲပြီး အရှက်ခွဲလေသည်။

ဘုရားရှင်သည် တရားဟောရာမှ ခေတ္တရပ်နားပြီး ဤကိစ္စသည် သင်နှင့်အကျွန်ုပ်တို့သာလျှင် သိသည်။ မည်သူမျှမသိပါဟူ၍ ဘုရားရှင်က မိန့်တော်မူသည်။ ဤသို့မိန့်တော်မူသည်ကို ဟုတ်ပေသည်။ သင်နှင့်ကျွန်ုပ်တို့သာ သိမှာမှန်သည်၊ မည်သူမျှမသိပါဟု ပြန်၍ပြောကြားသည်။

ထိုအကြောင်းကိုသိသော သိကြားမင်းသည် နတ်သားလေးဦးကို ဘုရားရှင် တရားဟောသည့် နေရာသို့ခေါ်ပြီး ကြွက်ငယ်ယောင် ဖန်ဆင်းကာ သစ်သားအား ကြိုးဖြင့်ချည်ထားသည်ကို ဖြတ်၍ ငင်းခြုံထားသော ပဝါကို လေတိုက်လွင့်စေကာ စိဉ္စမာဏအား လုပ်ဆောင်လေရာ ခြေဖမိုးသို့ ကျသဖြင့် ခြေဖျားနှစ်ဖက်ကျိုးကုန်သည်။ ဤအဖြစ်ကို တရားနာပရိသတ်တို့မြင်လေသော် ဘုရားရှင်အား မဟုတ်မမှန်လုပ်ကြံစွပ်စွဲရမလားဟူ၍ တံတွေးနှင့် ထွေးကြသည်။ ခဲတုတ်ကိုင်လျက် ငင်းအား ကျောင်းမှနှင်ထုတ်ကြလေသည်။ ငင်း စိဉ္စမာဏသည် မြေမျိုခံရပြီး အဝီစိငရဲသို့ ကျလေသည်။ တိတ္ထိတို့သည် ပူဇော်သက္ကာယ လာဘ်လာဘ ပိုနည်း၍ ဘုရားရှင်သည် အတိုင်းထက်ပို၍ လာဘ်လာဘတိုးပွားလေသည်။ နောက်တစ်နေ့ တရားသဘင်၌ ရဟန်းတို့က စိဉ္စမာဏသည် ဘုရားရှင်အား မဟုတ်မမှန်စွပ်စွဲမှုကြောင့် ပျက်စီးရကြောင်းကို ပြောကြလေသည်။

ဘုရားရှင်က စိဉ္စမာဏသည် ယခုတွင်မဟုတ်သေး၊ ရှေးဘဝကလည်း ဤသို့ပြုဆောင်မှုကြောင့် ပျက်စီးကြောင်း "မဟာပဒုမဇာတ်တော်" ကို အကျယ်ဟောပြလေသည်။ ဘုရားရှင်က ထပ်မံပြီး သူ နိယတဗျာဒိတ်မရမီက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ၌ မိတ်ဆွေယုတ်မာတို့နှင့် ပေါင်းဖက်၍ လူမိုက်တစ်ဦးဖြစ်ခဲ့ဖူးသည်။ "သဗ္ဗာဘိသူ" မည်သော ဘုရားရှင်လက်ထက်က ဘုရားရှင်၏တပည့် ရဟန္တာတစ်ပါးကို မာတုဂါမနှင့် စွပ်စွဲခဲ့ဖူးသည်။ ယင်းမကောင်းမှုကံကြောင့် ယခုဘဝ ဘုရားရှင်သည် စွပ်စွဲခံရကြောင်းနှင့် ဘုရားရှင်၏ ဝဋ်တော်ဆယ့်နှစ်ပါးအနက် တစ်ပါးဖြစ်ကြောင်း ဟောကြားလေသည်။

**ဘုရားရှင်အား မဟုတ်မမှန်လုပ်ကြံ၍ သုန္ဒရီ ပရိဗိုဇ်မဖြင့် စွပ်စွဲခြင်း**

တိတ္ထိတို့သည် ဘုရားရှင် သိက္ခာကျအသရေပျက်စေရန် စိဉ္စမာဏဖြင့် ဆောင်ရွက်ရာ မအောင်မြင်ဖြစ်ကြသည်။ ငင်းတို့သည် ထပ်မံ၍ စုဝေးပြီး ကြံကြကုန်သည်။ ယခုတွင် နတ်တမျှလှပသော သုန္ဒရီ ပရိဗိုဇ်နှင့် သွေးဆောင်ရန်ကြံစည်ကြသည်။ ငင်းတို့က တိတ္ထိတစ်ဦး၏အကြံပြုချက်အရ ဘုရားရှင်၏ ဂုဏ်သရေပျက် မကောင်းသတင်းကျော်ကြား၍ သုန္ဒရီပရိဗိုဇ်နှင့်ဆောင်ရွက်ရန် အားလုံးသဘောတူကြသည်။ ထို့ကြောင့် သူတို့ထံ၌ လာရောက်ဖူးမြော်သည့် နတ်သမီးကဲ့သို့လှပသော သုန္ဒရီပရိဗိုဇ်မကို ငင်းတို့က စကားမပြောဘဲနေကြသည်။

သူကလည်း စိဉ္စမာဏနည်းတူ သူ့အား အဘယ်အပြစ်ရှိ၍ စကားမပြောဘဲနေပါသနည်းဟု မေးသော် သူတို့က ကြံစည်ထားသည့်အတိုင်း ရဟန်းဂေါတမအား နာမည်ပျက်မကောင်းသတင်းအသရေပျက်အောင် ဆောင်ရွက်ပေးရန်ပြောကြသည်။ သူသည် တိတ္ထိတို့၏ ပြောကြားချက်ကို သဘောတူလက်ခံ၍ ဆောင်ရွက်ပေးမည်ဟုပြန်ပြောလေသည်။

သုန္ဒရီပရိဗိုဇ်မသည် ဇေတဝန်ကျောင်းမှ ညနေရောက်၍ လူများ သူတို့နေရာသို့ ပြန်သွားသောအခါ ဇေတဝန်ကျောင်းသို့ ရှေးရှုလာကြသည်။ လူတို့က သူ့အားမေးသောအခါ ငင်းက ဂန္ဓကုဋီတိုက်ထဲတွင် ရဟန်းဂေါတမနှင့်အတူ သွားအိပ်ရန်လာခြင်းဖြစ်ကြောင်း မဟုတ်မမှန်လုပ်ကြံ၍ တိုက်ရိုက်ဖြေကြားလေသည်။ ငင်းသည် ဤသို့ပြောဆိုပြီး ဇေတဝန်ကျောင်းအနီး တိတ္ထိတို့၏ကျောင်းတွင် သွားအိပ်လေသည်။

နံနက်စောစော ဘုရားရှင်ထံသို့ ဖူးမြော်လာကြသော လူတို့နှင့် သုန္ဒရီပရိဗိုဇ်မအပြန်နှင့်ဆုံသောအခါ လူအပေါင်းတို့သည် သူ့အား ဘယ်ကပြန်လာပါလဲ မေးသည့်အခါတွင် သူသည် ရဟန်းဂေါတမနှင့် ဂန္ဓကုဋီတိုက်တွင် ကာမဂုဏ်ကို မွေ့လျော်ပြီး ပြန်လာကြောင်း မဟုတ်မမှန်လုပ်ကြံ၍ ဖြေကြားပြန်သည်။

သူသည် သုံးရက်ဆက်တိုက် ဤသို့ပြုကျင့်ဆောင်ရွက်ပြီးသော် တိတ္ထိတို့သည် လူယုတ်မာတို့ မကောင်းကြံအတိုင်း သေသောက်ကြူးလူမိုက်တို့အား ငွေပေး၍ သုန္ဒရီပရိဗိုဇ်မကို သတ်ခိုင်းသည်။ ထို့အပြင် ဂန္ဓကုဋီတိုက်အနီး ပန်းအမှိုက်ပစ်သည့် နေရာတွင် သူ၏အလောင်းကို ပစ်ထားရန် စေခိုင်းလေသည်။

သေသောက်ကြူးသောလူမိုက်တို့သည် တိတ္ထိတို့ စေခိုင်းသည့်အတိုင်း လုပ်ဆောင်လေသည်။ တိတ္ထိတို့သည် သူတို့လုပ်ဆောင်ချက်ကို မသိဟန်ဆောင်၍ သူတို့၏တပည့်မလေး သုန္ဒရီသည် ပျောက်နေကြောင်း အုတ်အုတ်ကျက်ကျက်ဖြစ်အောင် ဖန်တီးလုပ်ဆောင်လေသည်။ ငင်းတို့သည် ကောသလမင်းကြီးထံသို့ သူတို့တပည့်မလေး သုန္ဒရီ ပရိဗိုဇ်မလေး ပျောက်နေကြောင်း၊ ရှာမတွေ့ကြောင်း လျှောက်ထားလေသည်။ ထိုအခါ မင်းကြီးက ငင်းတို့အား ဘယ်အရပ်တွင်ရှိနေမည်ကို သံသယရှိကြောင်း မေးသော် ငင်းတို့က ဇေတဝန်ကျောင်းတော်၌ မတွေ့မမြင်ရကြောင်း လျှောက်ကြသည်။

မင်းကြီးက သူတို့၏ပြောကြားချက်အရ သူ့ကို ရှာပါဟု ခွင့်ပြုပေးလိုက်သည်။ ငင်းတို့ကလည်း သူတို့၏ တပည့်ဒါယကာတို့ခေါ်၍ ဂန္ဓကုဋီကျောင်းတိုက်အနီး ပန်းအမှိုက်ပုံကြားမှ သူ၏အလောင်းကို ရှာတွေ့သည်။ ငင်းလုပ်ကြံထားသည့်အတိုင်း တွေ့ရှိခြင်းဖြစ်သည်။ ငင်းတို့သည် သူတို့၏တပည့်မကို ရဟန်းတို့၏ ဆရာရဟန်း ဂေါတမလောင်း လုပ်ဆောင်မှုကို သူများမသိစေ၍ ငင်းရဟန်းတို့က လုပ်ကြံကြောင်း မဟုတ်မမှန်စွပ်စွဲပြောဆိုပြီး မင်းကြီးအား လျှောက်ထားကြကုန်သည်။

ကောသလမင်းကြီးကလည်း မဆင်ခြင်ဘဲ တိတ္ထိတို့အား ဤသတင်းကို တစ်မြို့အနှံ့ ပျံ့နှံ့ရန် ကြွေးကြော်စေဟု ခွင့်ပေးလိုက်သည်။ ထိုအခါ တိတ္ထိတို့သည် သူတို့အစီအစဉ်အတိုင်း ညောင်စောင်းတွင် အလောင်း (သုန္ဒရီပရိဗိုဇ်မ)ကို ထမ်း၍ ရဟန်းဂေါတမသည် ယောက်ျားတို့၏ကိစ္စပြီး၍ အားနွဲ့သော အမျိုးသမီးအား သူ့တပည့်တို့ကို သတ်ဖြတ်စေရန် လုပ်ခဲ့ကြောင်း မကောင်းသတင်းလွှင့်၍ ကဲ့ရဲ့ရှုတ်ချပြီး မင်းကြီးထံသို့ တိတ္ထိတို့ ပြန်သွားကြသည်။

ဤသတင်းကြောင့် ပညာနည်းပါးသူအချို့သည် မြို့ထဲတွင် ရဟန်းတို့အား တွေ့လျှင် ဆဲရေးရှုတ်ချကဲ့ရဲ့ကြကုန်သည်။ ဤအဖြစ်ကို ရဟန်းတို့က ဘုရားရှင်အား ပြန်လျှောက်ထားသည်။ ဘုရားရှင်က ရဟန်းတို့အား ကဲ့ရဲ့ခြင်းသည် ခုနစ်ရက်သာခံမည်၊ နောက်ပျောက်သွားမည်ဖြစ်ကြောင်း။ ဤသို့ မဟုတ်မမှန်စွပ်စွဲသူတို့နှင့် မိမိလုပ်ပြီး မလုပ်ဟန်ဆောင်သောသူတို့သည် နောင်အခါ အဝီစိငရဲသို့ ကျကြမည်ဖြစ်ကြောင်း ပြန်ပြောတုံ့ပြန်၍ဆိုစေဟု မိန့်မှာလိုက်သည်။ ရဟန်းတို့၏ တုံ့ပြန်ပြောဆိုသော စကားကို ပြည်သူတို့ကြားလျှင် ရဟန်းဂေါတမနှင့် တပည့်တို့သည် ဤအလုပ်ကိုမလုပ်သည်မှာ အမှန်ဖြစ်ကြောင်း သိလာကြသည်။ ပထမကဲ့ရဲ့ရှုတ်ချထားသောအသံသည် ပျောက်ကွယ်သွားလေသည်။ ရဟန်းတို့ကလည်း ဘုရားရှင်ပြောသည်မှာ အမှန်ဖြစ်နေကြောင်း ဘုရားအား ပြန်လျှောက်ထားလေသည်။

မင်းကြီးကလည်း ဤအမှုကို သူလျှိုများလွှတ်၍စုံစမ်းရာ တိတ္ထိတို့က သေသောက်ကြူးသော လူမိုက်တို့အား ငွေပေး၍ သုန္ဒရီပရိဗိုဇ်မကို သတ်ခိုင်းကြောင်း သိလေသည်။ ထို့ကြောင့် တိတ္ထိတို့ခေါ်၍ သင်တို့အမှားကို ကြွေးကြော်ရန်၊ ရဟန်းဂေါတမသည် ဤသို့အပြစ်ကို မကျူးလွန်ကြောင်းနှင့် သူ့တပည့်ရဟန်းတို့မှာ အပြစ်မရှိကြောင်း၊ သူတို့၏ တပည့်မကိုလည်း သူတို့သတ်ကြောင်း ကြွေးကြော်ကြေညာရန် မင်းကြီးက အမိန့်ထုတ်လေသည်။ တိတ္ထိတို့လည်း မင်းကြီးအမိန့်အတိုင်း လုပ်ဆောင်ရလေသည်။

ဤသို့ ဘုရားရှင်ဖြစ်ရခြင်းမှာ ရှေးဘဝက သူသည် သေသောက်ကြူးသူတစ်ဦးဖြစ်စဉ်က ပစ္စေကဗုဒ္ဓနားမှ မိန်းမတစ်ဦးဖြတ်သန်းသွားသည်ကိုမြင်၍ ဤရဟန်းသည် မေထုန်ကို ပြုကျင့်သည်ဟူ၍ မဟုတ်မမှန်စွပ်စွဲပြောဆိုခဲ့သော ဝဋ်ကြွေးကြောင့် ဤဘုရားရှင်ဘဝ၌ လာခံစားရကြောင်း ဘုရားရှင်က ဟောကြားလေသည်။

**နကုလပိတာ နကုလမာတာဇနီးမောင်နှံလင်မယား အကြောင်း**

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူပြီးနောက် လူအပေါင်းတို့အား တရားရေအေးတိုက်ကျွေးတော်မူသည်။ ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့အနီးရှိ သားကောင်တို့ ဘေးမဲ့ပေးထားသည့်တောသို့ ရဟန်းအပေါင်း ခြံရံကြွတော်မူသည်။ ငင်းတော၏ အမည်မှာ "ဘေသကဠာ"မည်သောတောဖြစ်သည်။ ငင်းတော၌ အဌမဝါကပ်၍ သီတင်းသုံးတော်မူသည်။

သံသုမာရဂိရိမြို့၌ ချမ်းသာကြွယ်ဝသော နကုလပိတာနှင့် နကုလမာတာ လင်မယားနှစ်ယောက်သည် မြို့သူမြို့သားအပေါင်းနှင့်တကွ ဘုရားရှင်ထံသို့ သတင်းကြား၍လာကြလေသည်။ ထိုလင်မယားနှစ်ယောက်သည် ယခင်တွေ့ဖူးထားပြီး သားတစ်ယောက်ကဲ့သို့ တွေ့တွေ့ချင်း ဘုရားရှင်အား သူတို့သားကဲ့သို့ ပိုင်စိုးပိုင်နက် ဘယ်ပျောက်နေသလဲ၊ သူတို့မှာ အိုမင်းရင့်ရော်မှ ပြန်တွေ့ရသည် စသဖြင့်ပြော၍ ငိုယိုကာလျှောက်ထားကြလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဘုရားရှင်က စိဉ္စမာဏသည် ယခုတွင်မဟုတ်သေး၊ ရှေးဘဝကလည်း ဤသို့ ပြုဆောင်မှုကြောင့် ပျက်စီးကြောင်း "မဟာပဒုမဇာတ်တော်" ကို အကျယ်ဟောပြ လေသည်။ ဘုရားရှင်က ထပ်မံပြီး သူ နိယတဗျာဒိတ်မရမီက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ၌ မိတ်ဆွေယုတ်မာတို့နှင့် ပေါင်းဖက်၍ လူမိုက်တစ်ဦးဖြစ် ခဲ့ဖူးသည်။ "သဗ္ဗာဘိသူ" မည်သော ဘုရားရှင်လက်ထက်က ဘုရားရှင်၏တပည့် ရဟန္တာတစ်ပါးကို မာတုဂါမနှင့် စွပ်စွဲခဲ့ဖူးသည်။ ယင်းမကောင်းမှုကံကြောင့် ယခုဘဝ ဘုရားရှင်သည် စွပ်စွဲခံရကြောင်းနှင့် ဘုရားရှင်၏ ဝဋ်တော်ဆယ့်နှစ်ပါး အနက် တစ်ပါးဖြစ်ကြောင်းဟောကြား

## ပုံပြင်

# နှင်းဆီဖြူနှင့် နှင်းဆီနီ

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

ထို့နောက် ဝက်ဝံကြီးသည် နှုတ်ဆက်၍ လှည့်အထွက်တွင် တံခါးရှိ သံချောင်းငယ်တစ်ခုနှင့် ငြိ၍ အရေပြားအနည်းငယ် စုတ်သွားလေ၏။ ထိုအခါ နှင်းဆီဖြူက မိခင်အား ဝက်ဝံကြီး၏ အရေခွံအောက်၌ ဝါဝင်းသောရွှေရောင်ကို တွေ့လိုက်ရသည်ဟု ပြောပြလေသည်။

တစ်နေ့သောအခါ နှင်းဆီဖြူနှင့် နှင်းဆီနီတို့သည် တောထဲ၌ လှည့်လည်နေကြလေ၏။ ထိုအခိုက်တွင် သူတို့သည် လူပုကလေးတစ်ယောက်ကို တွေ့ကြလေ၏။ လူပုကလေးမှာ သူ၏မုတ်ဆိတ်များ သစ်တုံးတစ်ခု၏ အက်ကြောင်းတွင် ညပ်နေသောကြောင့် သူတို့အား အကူအညီတောင်းလေ၏။ ထိုအခါ နှင်းဆီနီက ကတ်ကြေးဖြင့် မုတ်ဆိတ်ကို ညှပ်ပေးလိုက်သဖြင့် လွတ်မြောက်သွားလေ၏။ သို့ရာတွင် လူပုကလေးကား သူ့မုတ်ဆိတ်ကို ညှပ်ပစ်သည့်အတွက် စိတ်ဆိုးလေသည်။ ထို့နောက် လူပုကလေးသည် ရွှေဒင်္ဂါးများထည့်ထားသော အိတ်တစ်အိတ်ကိုဆွဲကာ ထွက်ပြေးသွားလေသည်။

ထို့နောက် မိန်းကလေးနှစ်ယောက်သည် ငါးမျှားနေကြလေ၏။ ထိုအခါ ငါးမျှားချိတ်သည် လူပုကလေး၏ မုတ်ဆိတ်တွင် ချိတ်မိပြန်လေ၏။ ဤတွင်လည်း ရှေးကကဲ့သို့ပင် ကတ်ကြေးဖြင့် ညှပ်ပစ်ရပြန်လေသည်။ လူပုကလေးလည်း အလွန်ဒေါသထွက်ပြန်၏။ ချက်ချင်းပင် သူသည် ပုလဲများထည့်ထားသောအိတ်ကို ရေစပ်မှယူကာ ထွက်ပြေးပြန်လေသည်။

နောက်တစ်ကြိမ်တွင်ကား မိန်းကလေးနှစ်ယောက်သည် လူပုကလေးအား သိမ်းငှက်တစ်ကောင်က ကုပ်ချီသွားရန် ကြိုးစားနေသည်ကို တွေ့ကြရပြန်၏။ လူပု ကလေးက မည်မျှရိုင်းပျငြားလည်း စိတ်ကောင်းရှိသော မိန်းကလေးနှစ်ဦးကား မနေနိုင်၊ အလျင်အမြန်ပြေးသွားကာ လူပုကလေးကို သိမ်းငှက်ထံမှ ဝိုင်းဆွဲလုယူလေသည်။ သိမ်းငှက်လည်း အင်အားချင်း မမျှသဖြင့် ပျံပြေးလေ၏။ သို့သော် လူပုကလေးကမူ သူ၏အဝတ်များသည် မိန်းကလေးများကြောင့် စုတ်ပြတ်ကုန်ရသည်ဟုဆိုကာ စိတ်ပင်ဆိုးလေ၏။

ထို့နောက် လူပုကလေးသည် စိန်များ ထည့်ထားသော အိတ်တစ်အိတ်ကိုယူ၍ ထွက်ပြေးပြန်လေသည်။ သို့ဖြင့်တစ်နေ့သောအခါတွင် သူတို့ညီအစ်မသည် ဈေးမှ ပြန်လာကြလေ၏။ သူတို့သည် တောထဲမှ ဖြတ်လာစဉ် လူပုကလေးနှင့် တွေ့ကြပြန်လေ၏။ လူပုကလေးသည် ရွှေ၊ စိန်၊ ပုလဲစသည်တို့ကို ရေတွက်ကြည့်ရှုနေလေသည်။ မိန်းကလေးနှစ်ယောက်ကို မြင်သော် သူသည် အလွန်တရာအမျက်ထွက်ကာ ရန်ပြုမည့်ဟန်ဖြင့် ပြေးလာလေသည်။

မိန်းကလေးတို့လည်း ထိတ်လန့်ကြကုန်၏။ သို့သော်ရုတ်တရက်ပင် ဝက်ဝံကြီးသည် ရောက်လာကာ လူပုကလေးကို တစ်ချက်တည်း ပုတ်၍သတ်ပစ်လိုက်လေ၏။ လူပုကလေးသေသည်နှင့် တစ်ပြိုင်နက် ဝက်ဝံကြီးသည် ရုပ်အဆင်းလှပသော မင်းသားလေးအဖြစ်သို့ ရုတ်ခြည်းကူးပြောင်းသွားလေတော့၏။ မင်းသားကလေးက...

"နှင်းဆီဖြူနှင့် နှင်းဆီနီတို့... မကြောက်ကြပါလင့်၊ ဤလူပုကလေးသည် ကျွန်ုပ်၏ရတနာများကို အလိုရှိသဖြင့် ကျွန်ုပ်အား ဝက်ဝံဖြစ်အောင် ပြုစားထားသူဖြစ်သည်။ ယခုမူ သူ့ရန်မှ ကျွန်ုပ်လွတ်ကင်းပါပြီ" ဟု ပြောပြလေ၏။

နှင်းဆီဖြူကလည်း သူတို့မကြောက်ကြောင်း သိမ်မွေ့စွာပြန်ပြောပြီးနောက် မင်းသားအား သူတို့တဲသို့ လိုက်ခဲ့ရန် ခေါ်လေသည်။ မင်းသားလည်း မငြင်းဆန်ဘဲ လိုက်သွားလေ၏။ ရောက်သော် မိခင်ကြီးအား သူနှင့် နှင်းဆီဖြူကို လက်ထပ်ခွင့်ပေးပါရန် တောင်းပန်ပြောဆိုလေ၏။ မိခင်ကြီးလည်း သဘောတူလေသည်။ ညီမနှင်းဆီနီကလည်း အစ်မဖြစ်သူ မင်းသမီးဘဝရောက်ရမည်ဖြစ်သောကြောင့်များစွာဝမ်းမြောက်လေသည်။

များမကြာမီ မင်းသားကလေး၏ ညီတော်ကလည်း နှင်းဆီနီကို လက်ထပ်လိုကြောင်း ခွင့်တောင်းလာပြန်၏။ နှင်းဆီနီလည်း လက်ခံလိုက်လေသည်။ ညီအစ်မနှစ်ယောက်သည် မိခင်ကြီးအား သူတို့နှင့်အတူ နန်းတော်သို့လိုက်၍ နေထိုင်ရန်ခေါ်ယူကြ၏။ မိခင်ကြီးသည်လည်း နှင်းဆီပင်နှစ်ပင်ကိုပါ ယူဆောင်လိုက်ပါ၏။ သူသည် နှင်းဆီနှစ်ပင်ကို မင်းသား၏ဥယျာဉ်၌ စိုက်ပျိုးထားလေသည်။ ဤတွင် နှင်းဆီနှစ်ပင်သည် ဖြူဖွေးသော အပွင့်များဖြင့်လည်းကောင်း၊ နီရဲသော အပွင့်များဖြင့်လည်းကောင်း ဝေဝေဆာဆာရှိကာ မင်းသားကလေး၏ ဥယျာဉ်ထဲ၌ပင် တင့်တယ်စွာတည်ရှိနေလေ၏။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ

# စိန်ကြောင်နီလာ

❖ ချိန်ရတီ စိတ်ရည်လှဲ့သလိုပ
ဝတိန်ဆီ ထိန်ကြည်မှဲ့ပါလို့
ဩော်- မှိန်ချည်တလှဲ့
လင်းလိုက်တစ်ခါ။

❖ အရောင်ထောက်ပေမယ့်
တောင်မြောက်
ဟိုသည်ငဲ့ပြန်တော့
ဖြူတဲ့ဟာ ဖြူတဖွေးပါပဲ
ဝါတဲ့ဟာ ဝါအသွေးရယ်နဲ့
ပြာတဲ့ဟာ
ပြာရောင်ပြေးတာကြောင့်
ငေးရှုမိပါ။


❖ ထက်လွှာဘောင်
တိမ်အကြားတွင်မှ
(ဩော် ကြည့်စမ်းပါ့)
လက်ရာပြောင်
ပန်းထိမ်သမားငယ်တို့
မအားရ သူ့ထက်ငါ (ငယ်)
စိန်ကြောင်နီလာတွေနဲ့
အလုပ်များ။

❖ ငယ်ကြိုက်ကယ်
သွယ်ဝိုက်ကာ
လည်ဟိုက်မှာ ဆင်ချင်ရှာတဲ့
သည်တန်ဆာ
သည်မှာတွေ့ပြီကော
ညဦးယံ မှောင်ရည်ဝေ့မှာလ
ပျိုမေ့ကို ဖေဆင်လှဲ့မယ်
စိုးနဲ့ထိပ်ထား။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)၊ (၆-၃-၇၁)

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## အဲလဘတ် အိုင်းစတိုင်း

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

အဲလဘတ်အိုင်းစတိုင်းကို ဂျာမနီနိုင်ငံ ဝက်တင်(မ်)ဘာ့(ဂ်)မြို့တွင် ၁၈၇၉ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူသည် ၂၀ ရာစုတွင် ရူပဗေဒပညာရပ်ကို လုံးဝပြောင်းလဲသွားစေခဲ့သော သိပ္ပံပညာရှင်တစ်ဦးဖြစ်သည်။ သူသည် အသက် (၇၆) နှစ်အရွယ် ၁၉၅၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

အဲလဘတ်အိုင်းစတိုင်းသည် ကျောင်းတွင် လွန်စွာပျော်ရွှင်ခြင်းမရှိခဲ့ပေ။ သူသည် လိမ္မာထက်မြက်ခြင်းမရှိဟု သူ့ဆရာများက ထင်မြင်ခဲ့ကြသဖြင့် သူ့ကို ကောင်းစွာဆက်ဆံပြောဆိုခြင်း မပြုခဲ့ချေ။ သူသည် တေးဂီတ (အထူးသဖြင့် တယောထိုးခြင်း) တွင် ထူးချွန်သော်လည်း ကျောင်းသင်ဘာသာရပ်များ၌ ညံ့ဖျင်းခဲ့သည်။

သူသည် သင်္ချာပညာကို အမှန်တကယ်စိတ်ဝင်စားလာပြီး ပြင်းပြင်းထန်ထန် သင်ယူလေ့လာနေချိန် မတိုင်မီအထိ ဆင်းဆင်းရဲရဲ စတင်ခဲ့သော်လည်း ကြာညောင်းလှသည် မဟုတ်ချေ။ အီတလီနိုင်ငံတွင် အချိန်အနည်းငယ်ကြာနေခြင်းဖြင့် ကုန်ဆုံးစေခဲ့ပြီး နောက်ဆုံး ဆွစ်ဇာလန်နိုင်ငံရှိ ဇူးရစ်မြို့သို့ သွားခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံတွင် သင်္ချာပညာရှင် သီအိုရီသဘောတရားဆိုင်ရာ သိပ္ပံပညာရှင်အဖြစ် သူ၏ ကျွမ်းကျင်မှုကို အသိအမှတ်ပြုခဲ့ကြသည်။

သူအသက် (၂၆) နှစ်အရွယ် တစ်နှစ်အတွင်းမှာ အိုင်းစတိုင်းသည် သိပ္ပံပညာရှင်များ ယူဆသောနည်းလမ်းများကို လုံးဝပြောင်းလဲခဲ့သော သိပ္ပံနည်းကျသည့် စာတမ်းများစွာကို ထုတ်ဝေခဲ့သည်။


> **သိပ္ပံပညာရပ်တွင် အိုင်းစတိုင်း၏ စိတ်ကူးစိတ်သန်းများသည် လူများ အကျွမ်းတဝင်ပြောဆိုရန် နှစ်ပေါင်းများစွာကြာကြာ အလွန်ဆန်းသစ်ပြီး ထူးဆန်းနေသဖြင့် မည်သူမဆို သူ့သဘောတရားများကို နားလည်နိုင်ဖွယ်ရာမရှိချေ။ သို့ရာတွင် အီလက်ထရွန်များနှင့် ပရိုတွန်များကဲ့သို့ အလွန်သေးငယ်သောအစိတ်အပိုင်းများ မည်သို့ပြုမူပုံ (ကွမ်တမ်သီအိုရီ) အကြောင်း၊ အချိန်နှင့် ကာလ (ရီလေးတစ်ဗီတီ) အကြောင်း၊ သူ့သီအိုရီများနှင့် များစွာသောအခြားသီအိုရီများသည် အက်တမ်များနှင့် စကြဝဠာအကြောင်း သိပ္ပံပညာရှင်များ တွေးတောယူဆနေသောနည်းလမ်းအတွက် မရှိမဖြစ်လိုအပ်**

သူသည် ဆွစ်နိုင်ငံသားဖြစ်လာခဲ့ပြီး အခြားသူများပြုလုပ်ခဲ့သော လျှောက်လွှာများကို စစ်ဆေးကြည့်ရှုသည့် မူပိုင်ခွင့် မှတ်ပုံတင်ရုံး၌ စတင်အလုပ်လုပ်ခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် သူ့မိသားစုသည် ဘာလင်မြို့သို့ ပြန်လည်ရွှေ့ပြောင်းခဲ့ကြသည်။ သူ့ကျောင်းဆရာများ မည်မျှခက်ထန်မာကျောသည်ကို သူသတိရခဲ့သည်။ ဂျာမန်အုပ်ချုပ်မှုစနစ်တစ်ခုလုံးသည်လည်း ခက်ထန်ကြမ်းကြုတ်သည်ဟု ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သောအခါ ၎င်းတို့အဆုံးသတ်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။

အိုင်းစတိုင်း၏ တုန်လှုပ်ချောက်ချားမှုကား နာဇီများ စစ်ရေးအာဏာ ဆက်လက်ရရှိနေခြင်းပင်ဖြစ်သည်။ သူသည် ၁၉၂၁ ခုနှစ်တွင် ရူပဗေဒပညာရပ်အတွက် နိုဘယ်ဆုချီးမြှင့်ခြင်းခံရပြီး ကမ္ဘာ့ထင်ရှားပုဂ္ဂိုလ်ဖြစ်နေသော်လည်း သူသည် ဂျူးလူမျိုးဖြစ်နေသောကြောင့် ရင့်သီးစွာဆဲရေးတိုင်းထွာမှုများစွာကို ခံစားခဲ့ရသည်။ နာဇီများသည် သူ၏နွေရာသီကျေးလက်စံအိမ်ကိုတောင်မှ ဖျက်ဆီးခဲ့ကြပြီး သူ့လှေကို ခိုးခဲ့ကြသည်။ နောက်ဆုံး ၁၉၃၃ ခုနှစ်တွင် သူသည် အမေရိကန်ပြည်ထောင်စုသို့ သွားခဲ့သည်။ သူသည် စစ်ကို မယုံကြည်သော်လည်း နာဇီများပြုလုပ်ဆောင်ရွက်မှုနှင့်ပတ်သက်၍ အလွန်ထိတ်လန့်တုန်လှုပ်စေသည်။ သူသည် နာဇီစိတ်ကူးစိတ်သန်းများပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် အမေရိကန်စစ်တပ်ကို ထူထောင်ရန် အမေရိကန်ကို တိုက်တွန်းခဲ့သည်။ သူသည် အမေရိကန်ပြည်ထောင်စုတွင် သူ့ဘဝ၏ ကျန်ကာလများအဖြစ် နေထိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် သူသည် သူ့အချိန်များစွာကို နျူကလီးယားလက်နက်များ စွန့်လွှတ်ရန် ကမ္ဘာ့ခေါင်းဆောင်များကို တိုက်တွန်းကြိုးစားခြင်းဖြင့် ကုန်လွန်စေခဲ့သည်။

သိပ္ပံပညာရပ်တွင် အိုင်းစတိုင်း၏ စိတ်ကူးစိတ်သန်းများသည် လူများ အကျွမ်းတဝင်ပြောဆိုရန် နှစ်ပေါင်းများစွာကြာကြာ အလွန်ဆန်းသစ်ပြီး ထူးဆန်းနေသဖြင့် မည်သူမဆို သူ့သဘောတရားများကို နားလည်နိုင်ဖွယ်ရာမရှိချေ။ သို့ရာတွင် အီလက်ထရွန်များနှင့် ပရိုတွန်များကဲ့သို့ အလွန်သေးငယ်သော အစိတ်အပိုင်းများ မည်သို့ပြုမူပုံ (ကွမ်တမ်သီအိုရီ) အကြောင်း၊ အချိန်နှင့် ကာလ (ရီလေးတစ်ဗီတီ) အကြောင်း၊ သူ့သီအိုရီများနှင့် များစွာသော အခြားသီအိုရီများသည် အက်တမ်များနှင့် စကြဝဠာအကြောင်း သိပ္ပံပညာရှင်များ တွေးတောယူဆနေသောနည်းလမ်းအတွက် မရှိမဖြစ်လိုအပ်သည်။

လူအများသည် အထုံပါရမီရှင်ဘွဲ့ထူးနှင့် အမှန်တကယ်မထိုက်တန်သော်လည်း အိုင်းစတိုင်းသည် အထုံပါရမီရှင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ့သီအိုရီများကြောင့် ရူပဗေဒပညာရပ်၏ ဘာသာရပ်ခွဲအားလုံးနီးပါး ပြောင်းလဲခဲ့ကြသည်။ သူ့သီအိုရီများမရှိဘဲနှင့် ယခုခေတ်အကျွမ်းတဝင်ရှိနေသော လေဆာများ၊ တယ်လီဗီးရှင်း၊ ကွန်ပျူတာများ၊ အာကာသ ခရီးသွားလာမှုနှင့် များစွာသောအခြားအရာများသည် ဘယ်တော့မှတိုးတက်ဖွံ့ဖြိုးလာလိမ့်မည်မဟုတ်ချေ။ ။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၇-၃-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေတို့သည် အကိုင်းအခက်၊ အရွက်အလက်၊ အဖူးအပွင့် ဝေဝေဆာဆာဖူးပွင့်နေသော အရိပ်ကောင်းလှသည့် ကံ့ကော်ပင်အောက်ရှိ ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်နေကြသည်။ တစ်ချက်တစ်ချက် လေပြင်းပြင်း တိုက်လိုက်လျှင် လှုသံသှုသံ ကင်းဝေးလှသောကြောင့် သစ်ရွက်သစ်ခက်တို့ကို လေတိုးသဖြင့် တရှဲရှဲမြည်သံသည် ကျယ်လောင်လှပေသည်။

ခပ်လှမ်းလှမ်း သစ်ပင်တစ်ပင်အောက်တွင်မူ စိပ်ပုတီးစိပ်နေသော ယောဂီဝတ်တစ်ဦးကို လှမ်းမြင်နေရသည်။

တစ်ခါတစ်ရံ လိုဏ်ဂူဘက်ဆီက ထိုးခတ်လိုက်သော ခေါင်းလောင်းသံသည် ဤမှာဘက်သို့ သာယာစွာ ဝေ့၍ဝေ့၍ လာလေသည်။

ပြန်ထိုင်လျှင်ပင် ခင်သန်းငွေးက ကိုအေးဆွေ၏ ပထမ ပြောလက်စ စကားကို ပြန်ကောက်မေးလိုက်သည်။

“ဒီလိုဆိုရင် အစိုးရက ပြုပြင်ပြောင်းလဲ မပေးမချင်း ဒီပညာရေးကိုပဲ အမြတ်တနိုးလုပ်ပြီး ငွေးတို့က သင်နေရဦးမှာပေါ့”

“ဟုတ်တယ်လေ၊ စောစောက ကျွန်တော်ပြောခဲ့သလို သူတို့ အသိအမှတ်ပြုထားတဲ့ ကာလပတ်လုံးတော့ ဒီပညာကိုပဲ အမြတ်တနိုးလုပ်ပြီး သင်နေရဦးမှာပဲ။ အင်း၊ ကျွန်တော်တို့တော့ ဆက်သင်နေလို့ ဘီအေအောင်လည်း ဆိတ်သားကင်ရောင်းနေရမယ့် အတူတူ မထူးတော့ပါဘူး၊ ရွာပြန်ပြီး စုပေါင်းစနစ်နဲ့ ထန်းပဲ တက်တော့မယ်။ ငွေးငွေးတို့တော့ ဆက်သင်ဦးပေါ့။ ဘီအေအောင်ပြီးရင် လက်သုပ်စုံရောင်းရအောင်”

ကိုအေးဆွေ၏ စကားကြောင့် နှစ်ဦးစလုံး သဘောကျသွားကြကာ ပြိုင်တူ ရယ်မောလိုက်ကြလေသည်။

သို့သော် ခင်သန်းငွေးက ရယ်မောနေခြင်းကို ချက်ချင်း ရပ်ပစ်လိုက်ကာ ကိုအေးဆွေအား ဆတ်ခနဲ ကောက်မေးလိုက်သည်။

“ဘယ့်နှယ် ဘယ့်နှယ်၊ စုပေါင်းစနစ်နဲ့ ထန်းပဲ တက်တော့မယ်”

“ဟုတ်တယ်၊ စုပေါင်းစနစ်နဲ့ ထန်းလုပ်ငန်းကို လုပ်တော့မလို့”

ကိုအေးဆွေ၏စကား ကြားရသောအခါ ခင်သန်းငွေးမှာ အံ့သြသလိုဖြစ်နေသည်။ ကိုအေးဆွေကိုလည်း အထူးအဆန်းသဖွယ် ကြည့်နေသည်။ တကယ်တော့ ကိုအေးဆွေ၏ အဖြေစကားများကို စိတ်ဝင်စားနေခြင်းပင်။

“ကျွန်တော် ကျောက်ပန်းတောင်းပြန်သွားပြီး ဟိုရောက်တော့ စုပေါင်းစနစ်နဲ့ စုပေါင်းပြီး ထန်းတက်မယ်။ ရလာတဲ့ ထန်းရည်ကိုလည်း စုပေါင်းကျိုမယ်။ ရောင်းပြန်တော့လည်း စုပေါင်းပြီး ရောင်းမယ်။ အဲဒီလိုလုပ်နိုင်ရင် တက်တဲ့နေရာမှာ လုပ်အားပိုလာနိုင်သလို ကျိုချက်တဲ့နေရာမှာလည်း စုပေါင်းကျိုချက်တာမို့ စရိတ်ကုန်သက်သာမယ်။ သဘောကတော့ ထင်းကုန် သက်သာလာပြီး လုပ်အားလည်း ပိုထွက်လာနိုင်မယ်။ ရောင်းတယ်ဆိုတာကတော့ စုပေါင်း ရောင်းလေလေ အကျိုးရှိလေလေပဲ”

“ဒီ စုပေါင်းအလုပ်ကို ကိုအေးဆွေက သဘောပေါက်လို့ လုပ်ချင်တယ်ထားပါ၊ ဟိုကလူတွေက လုပ်ပါ့မလား”

“ဒါကိုတော့ ဟိုရောက်မှ ဒီလိုပဲ သဘောပေါက်အောင် ပြောဟောစည်းရုံး လုပ်ယူရမှာပဲလေ”

“အင်း၊ ဒီလိုဆိုတော့ ကိုအေးဆွေတို့ဟာက မြေစမ်းခရမ်းပျိုးတဲ့သဘောနဲ့ စတင်လုပ်ရမယ့် စိတ်ကူးယဉ်အလုပ်ကြီးပါလား ကိုအေးဆွေ ရယ်”

ခင်သန်းငွေးက စိတ်ပျက် ညည်းညူသံဖြင့် ဆိုလိုက်သည်။

“ကျွန်တော်တို့ နိုင်ငံမှာသာ ဒီလိုစုပေါင်းအလုပ်မျိုးက အဆန်းဖြစ်နေတာကိုး။ ဆိုဗီယက်တို့၊ တရုတ်နီတို့၊ မြောက်ကိုရီးယား၊ အရှေ့ဂျာမနီတို့၊ ချက်ကိုစလိုဗက်တို့၊ ဟန်ဂေရီတို့ အစရှိတဲ့ ဆိုရှယ်လစ်နိုင်ငံတွေမှာဆိုရင် ဒီစုပေါင်းလုပ်တဲ့စနစ်ဟာ တော်တော်အောင်မြင်နေပြီလို့ ဆရာကြီးဦးလှဒင်က စကားစပ်မိတိုင်းပြောနေတာကိုကျောက်ပန်းတောင်းမှာကတည်းက ကြားကြားနေခဲ့ရဖူးတယ်။ ခုဆိုရင် သူပြောသလို ကျွန်တော်တို့ မြန်မာပြည်မှာလည်း မကြာခင် ဒီစနစ်တွေဟာ ထွန်းကားလာတော့မယ်”

“နေစမ်းပါဦး၊ ဒီစနစ်တွေ ထွန်းကားလာတော့မယ်ဆိုရအောင် ကိုအေးဆွေက ဘယ်လိုကြောင့် ပြောနိုင်တာတုံး”

“ဒါကတော့ ရှင်းနေတာပဲ။ မကြာခင်ပဲ တော်လှန်ရေးအစိုးရက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်လို့ မူချမှတ်ပြီး မကြာမီ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်ကိုလည်း အသွင်ကူးပြောင်းပြီး လုပ်တော့မယ်ဆိုတဲ့အကြောင်း ကြေညာပြီးပေါ့ဟာပဲ။ ဒီစီးပွားရေးစနစ်မှာဆိုရင် အဓိက စီးပွားရေးစနစ်ရယ်လို့ မူနှစ်မူ ချထားတယ်။ ဒီမူနှစ်မူကဆိုရင် ပထမမူက ပြည်သူပိုင်၊ ဒုတိယမူက စုပေါင်းစနစ်နဲ့လုပ်တဲ့ ဘုံလုပ်ငန်းတွေ၊ သမဝါယမလုပ်ငန်းတွေပဲ”

“ကိုအေးဆွေ ပြောတာတော့ ဟုတ်ပါရဲ့။ ဒါပေတဲ့ ငွေး မြင်ဖူးခဲ့တဲ့ သမဝါယမအသင်းတွေကတော့ အများအတွက် အကျိုးဖြစ်တယ် မဖြစ်တယ်တော့ မသိဘူး။ သမဝါယမအသင်းမှာလုပ်တဲ့ လူတွေကတော့ အကျိုးဖြစ်ဖြစ်သွားတာ မျက်မြင်ကိုယ်တွေ့ပဲ”

“ငွေးငွေးပြောတာ ကျွန်တော် မငြင်းပါဘူး။ အရင်အစိုးရလက်ထက်မှာ လုပ်ခဲ့တဲ့ သမဝါယမအသင်းတွေက မူ ကောင်းပါရဲ့၊ ဒါပေမဲ့ အချို့သမဝါယမအသင်းမှာလုပ်တဲ့လူတွေက မကောင်းဘူး။ ခု ကျွန်တော်ပြောနေတာကလည်း အရမ်းမဲ့ ပြောနေတာ မဟုတ်ပါဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ တွေးခေါ်မြော်မြင်ရေး သဘောတရားစာတမ်း “လူနှင့် ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား” စာအုပ်ပါ အချက်အလက်တွေရယ်၊ နောက်ပြီး စစ်ကိုင်းခရိုင် အုန်းတောကျေးရွာမှာလုပ်တဲ့ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲမှာ တော်လှန်ရေးအစိုးရဘက်က တင်ပြတဲ့ ဆွေးနွေးချက်တွေကိုပါ ကိုးကားပြီးပြောတာပါ။”

“အဲဒါကြောင့်မို့ ကျွန်တော်တော့ စုပေါင်းစနစ်နဲ့ စုပေါင်း ထန်းလုပ်ငန်းကို ပြန်လုပ်ဖို့ ရည်ရွယ်ထားတာပေါ့။ ခုဆိုကြည့်လေ၊ စုပေါင်းလုပ်ဖို့ ဝါသနာထုံလာအောင် အချို့နယ်တွေမှာဆိုရင် တော်လှန်ရေးအစိုးရက ကြီးမှူးပြီး စုပေါင်းကန်တူးတာတွေ၊ စုပေါင်းပြီး လမ်းဖောက်တာတွေ၊ အစုလိုက် စုပေါင်းကောက်ရိတ်သိမ်းပြိုင်ပွဲတွေ လုပ်ပေးနေတာတွေကို ရေဒီယို၊ သတင်းစာတွေက အမြဲတမ်းကြားနေရပြီ မဟုတ်လား”

“ဒါကတော့ ကိုအေးဆွေရယ်၊ တစ်မနက်တစ်ရက်ဆိုသလို နာရီပိုင်းနဲ့ စုပေါင်းလုပ်တာမျိုးတွေပါ။ အရင်းအနှီးမပါ၊ လူအားနဲ့ စုပေါင်းလုပ်တာမျိုးတွေပါ။ ကိုအေးဆွေတို့ဟာက လူရောပစ္စည်းရော စုပေါင်းလုပ်ရမှာ မဟုတ်လား။ ပြီးတော့လည်း တစ်မနက်၊ တစ်ရက်မဟုတ်ဘူး၊ လနဲ့ချီ နှစ်နဲ့ချီပြီး ဘုံစနစ်သဘောမျိုးကြီး လုပ်ရမှာပါ။ အရင်းအနှီးဆိုတာလည်း လိုလာဦးမယ်။ တကယ့်လက်တွေ့ကျကျ ဖြစ်နိုင်ပါ့မလား။ တကယ်လုပ်လာပြီဆိုရင် အစိုးရကကော ထိထိရောက်ရောက် ကူညီနိုင်ပါ့မလားဆိုတာကိုလည်း ထည့်စဉ်းစားဦးနော်”

ခင်သန်းငွေး မေးမည်ဆိုလျှင်လည်း မေးသင့်ပေသည်။ ကိုအေးဆွေကမူ သူဖြစ်စေချင်သည်များကိုသာ တစ်ယူသန်ဖြင့် လျှောက်ပြောနေလေသည်။

“ထိထိရောက်ရောက် ကူညီပါ့မယ်လို့ ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တိုင်ကပဲ အခု ၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကပဲ စစ်ကိုင်းခရိုင် အုန်းတောကျေးရွာ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲမှာ မိန့်ကြားသွားတာပဲဟာ”

“ဘယ်လိုမိန့်ကြားသွားလို့လဲ ဆိုစမ်းပါဦး။ ရေဒီယိုက ကြားတော့ကြားပါရဲ့၊ အမှတ်တမဲ့မို့”

“ဗိုလ်ချုပ်ကြီးရဲ့ မိန့်ခွန်း လိုရင်း အချုပ်ကတော့ စပါးစိုက်တဲ့ လယ်သမားတွေပဲ ဖြစ်ဖြစ်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစိုက်တဲ့ တောင်သူတွေပဲဖြစ်ဖြစ်၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်စိုက်တဲ့ ခြံသမား၊ ကိုင်းသမားတွေပဲဖြစ်ဖြစ် မြေကို အအားမထားကြပါနဲ့ ။ စိုက်ကြပါ၊ ပျိုးကြပါ။ ထွက်လာတဲ့ ကုန်ပစ္စည်း သီးနှံတွေကိုလည်း ကမ္ဘာ့ကုန်ဈေးကွက်မှာ နေရာရအောင် ကြိုးစားပေးပါ့မယ်။ ဒီလိုစိုက်တဲ့ ပျိုးတဲ့နေရာမှာလည်း စုပေါင်းပြီးစိုက်ပျိုးပါ။ ရောင်းစရာရှိ ဝယ်စရာရှိလည်း စုပေါင်းပြီးဝယ်၊ စုပေါင်းပြီး ရောင်းပါ။ ဒါမှ အမြတ်ကြီးစား ကုန်သည်ပွဲစားတို့ရဲ့ ဈေးနှိမ်မခံရဘဲ ရောင်းစရာရှိ ဈေးကောင်းကောင်းနဲ့ ရောင်းရပြီး ဝယ်စရာရှိလည်း စုပေါင်းပြီးဝယ်ခြင်းအားဖြင့် အဖိုးချိုချိုနဲ့ ရနိုင်တယ်ဆိုတဲ့အကြောင်းတွေပဲ”

“ဒီအထဲမှာ ကိုအေးဆွေတို့ ထန်းသမားတွေပါ ပါလို့လား”

ခင်သန်းငွေးက လိုက်ကတ်၍ မေးလိုက်၏။

“ဒါကတော့ ဒီအထဲမှာ တောင်သူလယ်သမားတွေဆိုပေမဲ့ ကျွန်တော်တို့ ထန်းသမားတွေလည်း ပါတယ်၊ အကျုံးဝင်တယ်ဆိုပါတော့။ ဘာကြောင့်ဆိုရင် တခြား လက်လုပ်လက်စား ဈေးတောင်းခေါင်းရွက်သည်တွေဖြစ်တဲ့ မုန့်ဟင်းခါးသည်၊ ပဲပြုတ်သည်တွေတောင် အရင်းအနှီး ထုတ်ပေးပါ့မယ်၊ စုပေါင်းပြီး ရောင်းကြပါလို့ တိုက်တွန်းနေသေးရင် ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ကလေး လူကြီးမကျန် လူတိုင်းလူတိုင်း မသုံးဘဲမနေနိုင်တဲ့ ထန်းလျက်ကို ထုတ်လုပ်တဲ့ ကျွန်တော်တို့ ထန်းသမားတွေကိုလည်း အကူအညီပေးမှာပေါ့။ ဘာကြောင့်ဆိုရင် ထန်းလျက်ဆိုတဲ့ ကုန်ပစ္စည်းတစ်ခုထွက်လာဖို့အတွက် အဆင့်ဆင့် လုပ်အားတွေပေါင်းလုပ်မှ ထန်းလျက်ဖြစ်လာတယ်ဆိုတာ ငွေးငွေးလည်း အသိပဲ မဟုတ်လား။ ဒီတော့ ကျွန်တော်တို့လို ထင်းမီးသုံးပြီး အသက်မွေးဝမ်းကျောင်းရှာနေကြတဲ့ ထန်းသမားတွေဆိုရင် စရိတ်ကုန် သက်သာအောင် ပိုပြီးတော့ စုပေါင်းတက်၊ စုပေါင်းကျိုချက်သင့်တာပေါ့”

ထို့နောက် ကိုအေးဆွေသည် ပြောပြောဆိုဆိုနှင့် အသင့်ယူလာသည့် တလောက ကိုအောင်ဖေ ဝယ်လာသော ရှေ့သို့စာစောင်ကို ကောက်ယူလိုက်ပြီးလျှင် ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က အထက်မြန်မာပြည် စစ်ကိုင်းခရိုင် အုန်းတောကျေးရွာတွင် မိန့်ကြားသော တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း၏ မိန့်ခွန်းကို စာရွက်များလှန်၍ ရှာပြီးနောက် ခင်သန်းငွေးအား ထောက်ပြလေသည်။

“ဒီမိန့်ခွန်းထဲက ဟောဒီစာကြောင်းတွေ အောက်ကမင်နဲ့ သားထားတဲ့အကြောင်းတွေကို ဖတ်ကြည့်စမ်းပါ။ ဒါမှ ပိုရှင်းသွားမယ်”

ခင်သန်းငွေးကလည်း ကိုအေးဆွေထောက်ပြသော စာပိုဒ်များကို စိတ်ဝင်စားစွာဖြင့် ဖတ်နေလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

**“ စပါးစိုက်တဲ့ လယ်သမားတွေပဲဖြစ်ဖြစ်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစိုက်တဲ့ တောင်သူတွေပဲဖြစ်ဖြစ်၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်စိုက်တဲ့ ခြံသမား၊ ကိုင်းသမားတွေပဲဖြစ်ဖြစ် မြေကို အအားမထားကြပါနဲ့။ စိုက်ကြပါ၊ ပျိုးကြပါ။ ထွက်လာတဲ့ ကုန်ပစ္စည်းသီးနှံတွေကိုလည်း ကမ္ဘာ့ကုန်ဈေးကွက်မှာ နေရာရအောင် ကြိုးစားပေးပါ့မယ်။ ဒီလို စိုက်တဲ့ ပျိုးတဲ့နေရာမှာလည်း စုပေါင်းပြီး စိုက်ပျိုးပါ။ ရောင်းစရာရှိ ဝယ်စရာရှိလည်း စုပေါင်းပြီးဝယ်၊ စုပေါင်းပြီးရောင်းပါ။ ဒါမှ အမြတ်ကြီးစားကုန်သည်ပွဲစားတို့ရဲ့ ဈေးနှိမ်မခံရဘဲ ရောင်းစရာရှိ ဈေးကောင်းကောင်းနဲ့ရောင်းရပြီး ဝယ်စရာရှိလည်း စုပေါင်းပြီးဝယ်ခြင်းအားဖြင့် အဖိုးချိုချိုနဲ့ . . . ”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ဘန်လေကို ခြောက်ဂိုးပြတ်နဲ့အနိုင်ရပြီး မန်စီးတီးအသင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ် တက်လှမ်း



မန်စီးတီးအသင်းဟာ မတ် ၁၈ ရက်ညပိုင်းက ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဘန်လေအသင်းကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ဘန်လေအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ဟာလန်းက သုံးဂိုး၊ အယ်လ်ဗာရက်ဇ်က နှစ်ဂိုးနဲ့ ပယ်လ်မာက တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး တိုက်စစ်မှူး ဟာလန်းကတော့ ငါးရက်အတွင်းမှာ ဟက်ထရစ်နှစ်ကြိမ် သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ မန်စီးတီးအသင်းက လိုက်ပ်ဇစ်အသင်းကို ခုနစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ရာမှာ သွင်းဂိုး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး သီတင်းတစ်ပတ်အတွင်း ရှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၄၂ ဂိုးအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလားပြိုင်ပွဲတို့မှာ နောက်ဆုံးဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းခွင့်ရရှိခဲ့မယ်ဆိုပါက အခုဘောလုံးရာသီမှာ ပြိုင်ပွဲစုံ ၁၈ ပွဲအထိ ပါဝင်ယှဉ်ပြိုင်ကစားရဖို့ရှိနေပြီး အဲဒီလို ကစားရမယ်ဆိုရင် တိုက်စစ်မှူး ဟာလန်းအနေနဲ့ အခုဘောလုံးရာသီကုန်ချိန်မှာ အနည်းဆုံး သွင်းဂိုး ၆၀ အထိသွင်းယူနိုင်မယ့်အခွင့်အရေးလည်း ရရှိမှာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘန်လေအသင်းကို အနိုင်ရရှိကာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ချန်ပီယံလိဂ်ဖလား စတဲ့ ဖလားသုံးလုံးလမ်းကြောင်းပေါ် ရောက်ရှိနေခဲ့ပြီ ဖြစ်ပါတယ်။

# ရွိုင်းဟော့ဂ်ဆန်ကို ခရစ္စတယ်ပဲလေ့စ်က နည်းပြအဖြစ် ပြန်လည်ခန့်အပ်ဖို့ရှိနေ




ခရစ္စတယ်ပဲလေ့စ်အသင်းဟာ နည်းပြ ပက်ထရစ်ဗီယဲရာကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ရွိုင်းဟော့ဂ်ဆန်ကို ပြန်လည်ခန့်အပ်ဖို့ရှိနေတယ်လို့ သိရပါတယ်။

အသက် ၄၆ နှစ်အရွယ်ရှိ ပက်ထရစ်ဗီယဲရာဟာ ပြိုင်ပွဲစုံ ၁၂ ပွဲအထိ နိုင်ပွဲပျောက်ခဲ့ရတာကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းရဲ့ အသက် ၂၁ နှစ်အောက်အသင်းနည်းပြဖြစ်တဲ့ ပက်ဒီမက်ကာသီက ယာယီနည်းပြအဖြစ် တာဝန်ယူသွားဖို့ ရှိနေတာဖြစ်ပါတယ်။

အသက် ၇၅ နှစ်အရွယ် အင်္ဂလန်အသင်းနည်းပြဟောင်း ရွိုင်းဟော့ဂ်ဆန်ဟာ ၂၀၂၁ ခုနှစ်က ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြအဖြစ်ကနေ မထုတ်ပယ်ခံရမီ ဘောလုံးရာသီ လေးရာသီအထိ ခရစ္စတယ်ပဲလေ့စ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ၂၀၂၃ ခုနှစ်အတွင်းမှာ တစ်ပွဲမှ နိုင်ပွဲရရှိထားခြင်းမရှိသလို လက်ရှိအချိန်မှာ တန်းဆင်းဇုန်အထက် သုံးမှတ်အကွာ ပရီမီယာလိဂ်အဆင့် ၁၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

# ဒဏ်ရာပြဿနာကြောင့် ဥရုဂွေးရဲ့ ပွဲစဉ်တွေနဲ့ လွဲခဲ့ရတဲ့ ဒါဝင်နူနက်ဇ်



လီဗာပူးအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဒါဝင်နူနက်ဇ်ဟာ ဒဏ်ရာပြဿနာ ကြုံတွေ့ထားတာကြောင့် ဥရုဂွေးအသင်း ယှဉ်ပြိုင်ကစားရမယ့် ခြေစမ်းပွဲစဉ်တွေနဲ့ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

### လွဲချော်

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒါဝင်နူနက်ဇ်ဟာ မတ် ၂၄ ရက်နဲ့ ၂၈ ရက်တို့မှာ ဂျပန်အသင်း၊ တောင်ကိုရီးယားအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမယ့် ဥရုဂွေးအသင်းရဲ့ ခြေစမ်းပွဲစဉ်တွေမှာ ပါဝင်ပွဲထွက်ကစားမယ့် ကစားသမားစာရင်းမှာ ပါဝင်ထားတာဖြစ်ပြီး လက်ရှိမှာ ဒဏ်ရာကြောင့် အဲဒီပွဲစဉ်တွေ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

ဒါဝင်နူနက်ဇ်ဟာ အခုဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုးစုစုပေါင်း ၁၄ ဂိုးအထိ သွင်းယူထားတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ ဒါဝင်နူနက်ဇ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာဖြစ်ပြီး ဒါဝင်နူနက်ဇ်ဒဏ်ရာရရှိခဲ့လို့ ဥရုဂွေးအသင်းအနေနဲ့ အသက် ၂၉ နှစ်အရွယ်ရှိ ဂျူနက်သန်ရိုဒရီဂွက်ဇ်ကို အစားထိုးထည့်သွင်းမှာဖြစ်တယ်လို့ သိရပါတယ်။

# အီတလီစီးရီးအေပြိုင်ပွဲသမိုင်းမှာ အသက်အကြီးဆုံး ဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ အီဘရာဟီမိုဗစ်

အေစီမီလန်အသင်းနဲ့ အူဒီးနီးစ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ အေစီမီလန်အသင်းဟာ အူဒီးနီးစ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် အေစီမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ကတော့ စီးရီးအေသမိုင်းမှာ အသက်အကြီးဆုံးဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အူဒီးနီးစ်အသင်းနဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်မှာ အူဒီးနီးစ်အသင်းက ပွဲကစားချိန် ကိုးမိနစ်မှာ ပါရေးရာရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ကာ ပထမပိုင်းပွဲကစားချိန်ပြည့်ပြီး နာကျင်အချိန်ပို လေးမိနစ်မှာ အီဘရာဟီမိုဗစ်က အေစီမီလန်အသင်းအတွက် ပင်နယ်တီပြစ်ဒဏ်ဘောကနေတစ်ဆင့် ချေပဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘီတွန်ကယ်က ပထမပိုင်း နာကျင်အချိန်ပို ခြောက်မိနစ်မှာ အူဒီးနီးစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့တဲ့အပြင် ဒုတိယပိုင်း မိနစ် ၇၀ မှာ အီဟီဇီဘူးက တစ်ဂိုး သွင်းယူနိုင်ခဲ့လို့ အူဒီးနီးစ်အသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အေစီမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ပြင်းထန်တဲ့ ဒူးဒဏ်ရာကနေ ပြန်လည်သက်သာလာပြီးနောက် ပထမဆုံးသွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးလည်း ဖြစ်ပါတယ်။ အီဘရာဟီမိုဗစ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အေစီမီလန်အသင်းကို အီတလီစီးရီးအေဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။




ငွေကြယ် - ရေးသားသည်

## ဘောလုံးလောကသတင်းတိုများ

- *ချယ်လ်ဆီးအသင်းဟာ လိဒ်စ်ယူနိုက်တက်အသင်းမှ ပြင်သစ်ဂိုးသမား အီလန်မက်စ်လီယာကို နွေရာသီဈေးကွက်အတွင်း ခေါ်ယူသွားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။*
- ဘရာဇီးတိုက်စစ်မှူး ဖာမီနိုဟာ ရာသီကုန်မှာ လီဗာပူးအသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင်တောင် ဥရောပဘောလုံးလောကမှာ ဆက်လက်ကစားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- *လီဗာပူးအသင်းကနေ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာ ထွက်ခွာမယ်ဆိုတဲ့ ကောလာဟလ သတင်းတွေအပေါ် ကစားသမားရဲ့ အေးဂျင့်ဖြစ်သူက ငြင်းဆိုထားတယ်လို့ သိရပါတယ်။*
- လီဗာပူးအသင်းနဲ့ မန်ယူအသင်းတို့ဟာ အန်ဒါလက်ချ်အသင်းမှ နယ်သာလန်ဂိုးသမား ဗာဘရက်ဂန်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။
- *ဆီနီဂေါဂိုးသမားမန်ဒီဟာ ယခုနွေရာသီဈေးကွက်အတွင်းမှာ ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။*
- ရီးယဲလ်မက်ဒရစ်အသင်းဟာ ၂၀၂၄ ခုနှစ်မှာ စပါးအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူသွားဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၂၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၂၈,၈၇၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈-၃-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၄,၃၄၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၈၄၄,၇၄၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၈-၃-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၄,၃၄၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၄,၇၄၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာစက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ ပိတ်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိ စေတီတော်ဘက်မုခ်ရှေ့ရှိတပေါင်းကွင်း၌ (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မတ် ၁၇ မှ ၁၉ ရက်အထိ ကျင်းပသည့် "အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် ဈေးရောင်းပွဲ" ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ခင်းကျင်းပြသနိုင်ခဲ့**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်အတွက် အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်)ကို ကျင်းပသည့် ရည်ရွယ်ချက်များအတိုင်း ပြခန်းပေါင်း ၆၆ ခန်းဖြင့် ခင်းကျင်းပြသနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် ယွန်းထည်လုပ်ငန်းရှင် သုံးဦး၊ ရက်ကန်းလုပ်ငန်းရှင် လေးဦး၊ လက်မှုလုပ်ငန်းရှင် နှစ်ဦး၊ စားသောက်ကုန် လုပ်ငန်းရှင် ၂၀ နှင့် လူသုံးကုန်လုပ်ငန်းရှင် လေးဦး စုစုပေါင်း ၃၃ ဦး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြိုင်ပွဲတွင် ထုတ်ကုန်ပစ္စည်းအမျိုးအစားငါးမျိုးပါဝင်ပြီး ထုတ်ကုန်ပစ္စည်းအမျိုးအစား တစ်မျိုးစီအတွက် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ထုတ်ကုန်ပစ္စည်း အမျိုးအစား ငါးမျိုးအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၃ ဦးအနက်မှ လုပ်ငန်းရှင် ၁၄ ဦးကို ဆုချီးမြှင့်မည်ဖြစ်ပါကြောင်း၊




ပြခန်းခင်းကျင်းပြသမှု အကောင်းဆုံးဆု တစ်ဆုကိုလည်း ချီးမြှင့်ပေးမည်ဖြစ်ပါကြောင်း၊ ဆုရသည်ဖြစ်စေ/ မရသည်ဖြစ်စေ ပြိုင်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းရှင်များ အားလုံး၏ တီထွင်ဖန်တီးနိုင်မှုနှင့် ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုပါကြောင်း၊ အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များနှင့် ဝန်ထမ်းမိသားစုများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုထုတ်ကုန် ပြိုင်ပွဲတွင် စားသောက်ကုန်၊ လူသုံးကုန်၊ ယွန်းထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် လက်မှုလုပ်ငန်းများမှ ပထမဆုရရှိသည့် လုပ်ငန်းရှင် ငါးဦးနှင့် ပြခန်းခင်းကျင်းပြသမှုအကောင်းဆုံးဆုရရှိသည့် ရှေဝတီတိုင်းဒေသကြီး ဒေသထွက်ကုန်ပြခန်းကို ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် လုပ်ငန်းရှင် ငါးဦးကို ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)တို့က လည်းကောင်း၊ တတိယဆုရရှိသည့် လုပ်ငန်းရှင် လေးဦးကို ညွှန်ကြားရေးမှူးများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ (နေပြည်တော်)တွင် ပါဝင်ပြသသည့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများနှင့် လုပ်ငန်းရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညိုမြို့နယ် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**မိုးညို မတ် ၁၉**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက် ၈ နာရီတွင် အိုးဘိုကျွန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ကျေးရွာနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးက မကူးစက်တတ်သော ရောဂါများအကြောင်းနှင့် ကျန်းမာရေးမှူး (၁) ဦးတင်အောင်က ကူးစက်တတ်သောရောဂါများအကြောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလာရောက်ပြသသူများအား ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာပေးခြင်း၊ ဆီးချို သွေးချိုတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ခြင်းများ ပြုလုပ်ပေးပြီး လိုအပ်သော ဆေးဝါးနှင့် ကုသခြင်းကိုလည်းကောင်း၊ သွားနှင့် ခံတွင်း ဆရာဝန် ဒေါက်တာအေးပွင့်ဝေဖြိုးက သွားနှင့် ခံတွင်းစစ်ဆေးပေးပြီး လိုအပ်သော



ဆေးဝါးနှင့် ကုသခြင်းများကို(အခမဲ့) စစ်ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ ကျောဖုံးမှ
မြန်မာအသင်းသည် ဂိုးစပေးခဲ့ရသော်လည်း သုံးဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မတ် ၁၇ ရက်က အိမ်ရှင်ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုးပြတ်အရေးနိမ့်ခဲ့သည်။

မြန်မာ အသင်းသည် အုပ်စု (C) တွင် ဂျပန်၊ ဖိလစ်ပိုင်တို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များအပြီးတွင် ရမှတ်သုံးမှတ်ဖြင့် ဒုတိယနေရာ ရရှိခဲ့သည်။ မြန်မာအသင်းသည် မတ် ၂၀ ရက်တွင် အုပ်စု (D) မှ ဒုတိယရသည့် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကိုညီလေး




❂ ကျောက်တစ်လုံးမှ
များအား ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကျောက်တစ်လုံးကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ အင်၊ နဘဲ၊ ဘင်္ဂ၊ ထောက်ကြံ့၊ လက်ပံ၊ သစ်ရာ၊ ယင်းတိုက်စသည့် သစ်မျိုးများ ပေါက်ရောက်နေပြီး တောဝက်၊ တောကြောင်၊ ယုန်၊ ရှဉ့်၊ ရစ်၊ ဘုတ်၊ ခါ၊ ငုံး၊ လင်းယုန်၊ ဇီးကွက်၊ သင်းခွေချပ်၊ လိပ်၊ လင်းမြီးဆွဲစသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသဖြစ်သည့်အပြင် အဝေရာဆည်၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ဒေါ်အေးအေးမြင့်[၁၂/ရပသ(နိုင်)၀၃၆၆၂၄]ကိုင်ဆောင်သူနှင့် သက်ဆိုင်သူများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၃၁၇)၊ ၅-လွှာနေ ဦးညွန့်အောင်[၁၂/ပဘတ(နိုင်)၀၂၁၉၆၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ (ဖခင်)ဦးအောင်ရှိန်၊ (မိခင်)ဒေါ်ငွေငွေတို့တွင် ဦးမိုးကျော်(ကွယ်လွန်)၊ ဦးညွန့်အောင်၊ ဒေါ်ခင်မျိုးမျိုးသွယ်၊ ဒေါ်အေးအေးမြင့် အပါအဝင်သားသမီး (၄)ဦး ထွန်းကားခဲ့ပါသည်။

ဖခင်ဖြစ်သူ ဦးအောင်ရှိန်သည် (၂၇-၂-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ဖခင်မကွယ်လွန်မီက ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၃ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီး၊ အမှတ်(၁၅၄)၊ အကျယ်အဝန်း(၄၅ပေ x ၆၀ပေ)ရှိ ဖခင်ဦးအောင်ရှိန်အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ ကျန်ရစ်ခဲ့ပါသည်။

တစ်ဖန် မိခင်ဖြစ်သူ ဒေါ်ငွေငွေသည်လည်း အယ်လ်ဇိုင်းမား(သတိလွတ်ရောဂါ)ဝေဒနာခံစားနေရပြီး ကျန်းမာရေးမကောင်းသူ ဖြစ်ပါသည်။ ကျန်းမာရေးမကောင်းသူ မိခင်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူ၊ စိုက်ပျိုးရေးရပ်ကွက်၊ ထန်းတပင်ကျောင်းလမ်း၊ အမှတ်(-)ရှိ အကျယ်အဝန်း(ပေ ၁၃၀x ၃၀၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ အပါအဝင် မောင်နှမများမှ ဆက်ခံခွင့်ရှိသော ပစ္စည်းများဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပစ္စည်းများနှင့်ပတ်သက်၍ ဆက်ခံသူဦးညွန့်အောင်၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ ဆက်ခံသူတစ်ဦးတစ်ယောက်ကမျှ မိမိသဘောဆန္ဒအလျောက် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်း၊ စီမံခန့်ခွဲခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးတို့တွင် တရားတထုံး စွဲဆိုသွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးမြင့်နှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း(LL.B)** **ဒေါ်နှင်းဝေလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)** **အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)**
**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၅၀၆၄၉၅၉**

# ဒုတိယဝန်ကြီး ဦးအေးကျော် ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းရှိ ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်ချက်များမှာကြား**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ကျောက်တလုံးကြီးမြို့ရှိ ၆၆ ကေဗွီ နောင်ကားဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်သွားရန်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးကြိုတင်ပြင်ဆင်ထားရန်၊ ဓာတ်အားခွဲရုံအတွင်းအပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် အခြားလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၁၃၂ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ထရန်စဖော်မာ ဝန်အားစာရင်းကို အမြဲစိစစ်၍ မှတ်တမ်းရေးသွင်းထားရှိရန်၊ ဓာတ်အားလွှတ်ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ လိုအပ်ပါက ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်သွားရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရေး လုံခြုံရေး အသိ၊ သတိဖြင့် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နှင့် ဟိုပုံးမြို့တို့သို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ၆၆ ကေဗွီ တောင်ကြီး အမှတ်(၂) ဓာတ်အားခွဲရုံသို့ရောက်ရှိပြီး Switch Yard အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေများနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင် တည်ဆောက်ရေးလုပ်ငန်း ၁၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေ



**ရန်ကုန် မတ် ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရန်ပုံငွေ ကျပ်သန်း ၈၆၄ ဒသမ ၄၀၃ ဖြင့် တည်ဆောက်ရေးလုပ်ငန်း ၁၆ ခုကို တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီသုံးခုက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**စစ်ဆေးဆောင်ရွက်လျက်ရှိ**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ပုံစံ၊ စံချိန်စံညွှန်းများ ကိုက်ညီစေရေး၊ အရည်အသွေးပြည့်မီ ကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ကျောင်း၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် အရည်အသွေး စစ်ဆေးရေးအဖွဲ့တို့က စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုထက်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၁၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ဆန်စက်များမှ စပါးများကြိတ်ခွဲဖြန့်ဖြူးရောင်းချ

**တောင်ကြီး မတ် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်(တ)မြို့နယ် မိုင်းစိတ်ကျေးရွာ မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားပိုင်ဆန်စက် သုံးလုံးဖြင့် ဒေသထွက်စပါးများဝယ်ယူ၍ ဆန်ကြိတ်ခွဲဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အသင်း၏ဆန်စက်များအနေဖြင့် တစ်နာရီလျှင် စပါးတင်း ၁၂၀၊ တစ်နေ့လျှင် စပါးတင်း ၇၂၀ ခန့် ကြိတ်ခွဲထုတ်လုပ်နိုင်သည်။ ဒေသခံတောင်သူများအနေဖြင့် စပါးများကို သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ပြီး ဆန်စက်များမှ ကြိတ်ခွဲရရှိလာသောဆန်များကို အသင်းသားပြည်သူများနှင့် စားသုံးသူများထံသို့ လက်လီ/ လက္ကားဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## ၂၀၂၃ ခုနှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်း
## ဆရာအတတ်ပညာသင်တန်း(PPTT)
## အမှတ်စဉ် (၉/၂၃)သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)၊ အမှတ်စဉ် (၉/၂၃) သင်တန်းကို ပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်–

(က) လျှောက်ထားသူသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ စိတ်ပညာ၊ အဏ္ဏဝါသိပ္ပံ၊ ကုန်ထုတ်ဓာတုဗေဒ၊ Microbiology၊ Biotechnology၊ Biochemistry၊ Environmental Studies၊ Geology ၊ B.A(မြန်မာမှု)၊ B.A(ရသ)၊ B.A(ဂီတ)၊ B.A(သဘင်)၊ B.A(ပန်းချီ)၊ B.A(ပန်းပု)၊ B.Sc(Sports)၊ B.Econ(stats)၊ B.Com) ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၂၃ ခုနှစ် ၊ မေလ (၃၁)ရက်နေ့တွင် အသက် (၃၅)နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် အသက်(၄၀)နှစ်ထက်မကြီးသူ ဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနဝန်ထမ်း အဖွဲ့အစည်း အကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၂၂–၂၀၂၃ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)အမှတ်စဉ်(၉/၂၃)သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ ပညာရေးဆိုင်ရာ ဗဟုသုတရေးဖြေ စာမေးပွဲနှင့်လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာပညာရေး ဒီဂရီကောလိပ်များတွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်ရက်အား သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီး မည်သည့် ပညာရေးဒီဂရီ ကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်ရပါ။

(ဇ) သင်တန်းတက်ရောက်နေစဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၂၃ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ထက် နောက်မကျစေဘဲ လျှောက်လွှာတင်ရမည့် ပညာရေးဒီဂရီကောလိပ်တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်တစ်ခုကို ကိုယ်စားပြု၍ လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးဒီဂရီ ကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်)ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်း မပြုရ။

၅။ လျှောက်လွှာနှင့်အတူ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ထုတ်ထားသည့် တက္ကသိုလ်ဝင် အောင်မြင်သည့် အထောက်အထား(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)နှင့် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ် ဓာတ်ပုံ(၂)ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြထားသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးဒီဂရီကောလိပ်အသီးသီးတွင် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်ရက်ကို သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များ၌ ၂၀၂၃ ခုနှစ်၊ မေလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လူတွေ့ဖြေဆိုအောင်မြင်သူများသာ တက်ရောက်ခွင့်ရမည်ဖြစ်ပါသည်။

၈။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းနှင့် ဘွဲ့ရရှိမှု အထောက်အထား(မူရင်း)တင်ပြနိုင်ရမည်။

၉။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သင်တန်းပြီးစီးအောင် တက်ရောက်ရမည်။ မူလတန်း ဆရာအတတ်ပညာလက်မှတ်ရရှိပြီးနောက် လက်ထောက်မူလတန်းပြအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိလက်မှတ် ရေးထိုးရမည်။

၁၀။ သင်တန်းပြီးစီးအောင်မတက်ရောက်ခဲ့လျှင်သော်လည်းကောင်း၊ ခန့်ထားခြင်းခံရသော အခြေခံပညာကျောင်းများတွင် တာဝန်မထမ်းဆောင်ခဲ့လျှင်သော်လည်းကောင်း သတ်မှတ်လျော်ကြေး (၅)သိန်းကျပ်နှင့်အတူ လစဉ်ထောက်ပံ့ကြေးကို ပြန်လည်ပေးလျော်ရမည်။

ဆရာအတတ်ပညာဦးစီးဌာန

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ(    )ရက်

### ၂၀၂၂–၂၀၂၃ ပညာသင်နှစ်
### လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း
### အမှတ်စဉ်(၉/၂၃)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူအမည် ____________________
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်____________________
၃။ ဖခင်အမည်____________________
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်____________________
အလုပ်အကိုင်____________________
၄။ မိခင်အမည်____________________
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်____________________
အလုပ်အကိုင်____________________
၅။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ____________________
၆။ မွေးသက္ကရာဇ်__________ခုနှစ်၊__________လ၊__________ရက်၊
အသက်(    )နှစ်၊ (        )လ
၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာနနှင့်ခုနှစ်____________
၈။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ____________________
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ်____________________
၉။ ဝန်ထမ်းဖြစ်ပါကလက်ရှိတာဝန်ထမ်းဆောင်နေသည့်ရာထူး၊ဌာန ______
____________________
၁၀။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည်____________________
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်____________________
၁၁။ လက်ရှိနေရပ်လိပ်စာ၊ ဖုန်းနံပါတ်____________________
၁၂။ ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်____________________
၁၃။ သင်တန်းပြီးဆုံး၍ လက်ထောက်မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။
၁၄။ သင်တန်းတက်ရောက်စဉ် ကိုယ်လက်ကြံ့ခိုင်လှုပ်ရှားမှုများ နေ့စဉ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ ရွေးချယ်ခံရသည့် သင်တန်းသူသည် ကိုယ်ဝန်ဆောင်ခြင်းမရှိရပါ။
၁၅။ ရေးဖြေနှင့်လူတွေ့စာမေးပွဲရမှတ်အရ အိပ်ဆောင်ဦးစားပေးချထားခြင်းကို သိရှိပါသည်။ အကယ်၍ ဝင်ခွင့်ရရှိပြီး အိပ်ဆောင်မရပါက ပညာသင်ထောက်ပံ့ကြေးခံစားကာ ပြင်ပမှ နေ့သင်တန်း တက်ရောက်လိုခြင်း ရှိ/မရှိ____________________

**လျှောက်ထားသူလက်မှတ်**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊________လ၊________ရက်


**Thitsar Boddhi Travels & Tours Co.,Ltd.**
**သစ္စာဗောဓိ** အိန္ဒိယ–နီပေါဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ပြည်ပခရီးသွားလိုင်စင် (ပခ-၀၃၃၃)
ကိုကျော်အောင် ဦးစီးသော သစ္စာဗောဓိ ဘုရားဖူးခရီးစဉ်များ
သံဃေဇနီယလေးဌာန၊ အဂ္ဂဇာတိတလေးဌာန၊ တပ်ချ်မဟာလ်၊ နယူးဒေလီ၊ ကိုလ်ကတ္တား ခရီးစဉ်များ
၁၄ ညအိပ် ၁၅ရက်ခရီး 02 APR / 16 APR , 19 APR/ 03 MAY ပြန် ရန်ကုန် - ဂယာ - ရန်ကုန်
3 ညအိပ် 4ရက်ခရီး 06 APR / 09 APR ရန်ကုန် - ဂယာ - ရန်ကုန်
၇ ညအိပ် ၈ ရက်ခရီး 22 MAR/ 30 MAR , 9 APR/ 16 APR ဝင်
ပြည်တွင်း ၊ ပြည်ပ ခရီးစဉ်လက်မှတ်များ ၊ India visa , E-visa များလျှောက်ပေးပါသည်။
ရန်ကုန်ရုံးချုပ် – အမှတ်(၁၂)၊ပထမထပ်၊(၅၃)လမ်း(အလယ်ဘလောက်)၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- 01 397698 , 09 261411790 , 09 43020857 , 09 455014040


### လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅/၇ဖြုဟ္ဗစိုရ်လမ်း၊ အမှတ် (၁၀၄၆-ဘီ)နေ ဦးဟိန်းဇော်ထက် (၈/မဘန(နိုင်)၀၆၇၇၉၀) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟိန်းဇော်ထက် (၈/မဘန(နိုင်)၀၆၇၇၉၀) နှင့် ဒေါ်အိအိမွန် (၁၂/မရက(နိုင်)၁၃၂၉၄၁)တို့သည် ၂၀၀၈ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သမီး(၂)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၇-၁၂-၂၀၂၁)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ကွာရှင်းစာချုပ်အမှတ်-၁၇၈/ ၂၀၂၁ဖြင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါ သည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းဇော်ထက်နှင့် ဒေါ်အိအိမွန်တို့သည် တစ်ဦးနှင့်တစ်ဦး လူမှုရေးအားဖြင့်လည်းကောင်း၊ ပစ္စည်းငွေကြေးအားဖြင့်လည်းကောင်း ပတ်သတ်ဆက်နွယ်ခြင်း အလျဉ်းမရှိတော့ကြောင်းနှင့် ဦးဟိန်းဇော်ထက်ကိုလည်းကောင်း၊ ဦးဟိန်းဇော်ထက်၏ မိဘဆွေမျိုးမိတ်ဆွေများကိုလည်းကောင်း နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ လူမှုကွန်ယက်စာမျက်နှာ၌ဖြစ်စေ ဂုဏ်သိက္ခာကျဆင်း ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဟိန်းဇော်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အိမျိုးသွဲ့ (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၈)
တိုက်(၇)၊ ဗိုလ်တေဇ(၁)လမ်း၊(ဂ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၄၄၀၇၃၄၄၇၊ ၀၉ ၅၄၀၂၂၅၃။

### ပျောက်ဆုံးကြောင်း

မသက်ဆွေဝင်း[၈/အလန(နိုင်)၁၃၄၂၉၀] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်–MG–198775 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:09–968957319


**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330


### (၂၀–၁၂–၂၀၁၄) ရက်နေ့တွင် ကွယ်လွန်ခဲ့သော ဦးကိုကိုလေး [၁၂/ကတတ(နိုင်)၀၂၄၁၈၈] ပိုင်ဆိုင်ကျန်ရစ်သော ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်ပစ္စည်းများအပေါ် အမွေဆက်ခံခွင့်နှင့်စပ်လျဉ်း၍ (၁၅–၂–၂၀၂၃) ရက်နေ့ထုတ်ဝေသော ကြေးမုံသတင်းစာကြော်ငြာပါ ဒေါ်မြင့်မြင့်ရွှေ [၁၂/ကတန(နိုင်) ၀၇၃၁၅၅]နှင့် အများသိစေရန်

ရန်ကုန်မြို့နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်မေ [၁၂/စခန(နိုင်) ၀၂၈၃၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်သည်မှာ –

National Land Yangon Co., Ltd ၏ အစုရှယ်ယာဝင်နှင့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး (၂၀–၁၂–၂၀၁၄) ရက်နေ့က ကွယ်လွန်ခဲ့သူ ဦးကိုကိုလေး [၁၂/ကတတ(နိုင်)၀၂၄၁၈၈] သည် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်မေ နှင့် လွန်ခဲ့သော (၁၉၈၄) ခုနှစ်က နိုင်ငံရင်းသား၊ ခရစ်ယာန်ဘာသာဝင်များ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အရ [ Christian Marriage Act 1872 ] ဖြင့် လက်ထပ်ထိမ်းမြားထားသော တရားဝင်ခင်ပွန်းတော်စပ်သူ ဖြစ်ပါသည်။ ၎င်းကွယ်လွန်ချိန် ကာလအထိ ခရစ်ယာန်ဘာသာဝင် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲမှု မရှိခဲ့သောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရင်ရင်မေသည် ကွယ်လွန်သူ ခင်ပွန်း ဦးကိုကိုလေး ပိုင်ဆိုင်ကျန်ရစ်သော ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင်ပစ္စည်းများအပေါ် ခရစ်ယာန်ဘာသာဥပဒေနှင့်အညီ ရယူဆက်ခံတောင်းဆိုပိုင်ခွင့်ရှိသူ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါသည်။

ကွယ်လွန်သူ ဦးကိုကိုလေးနှင့် တရားဝင်ပေါင်းသင်းနေစဉ်ကာလကတည်းက ၎င်းက ညီအစ်ကိုမောင်နှမ အရင်းအချာများနှင့်အတူ National Land Yangon Co., Ltd တွင် အစုရှယ်ယာများ အချိုးကျပူးတွဲထည့်ဝင်ခဲ့ခြင်းဖြစ်ရာ ယင်းကုမ္ပဏီမှ ကွယ်လွန်သူ ဦးကိုကိုလေး၏ အစုရှယ်ယာဝေစုအပါအဝင် ပေါ်ပေါက်သော အကျိုးအမြတ် ခံစားခွင့်များသည်လည်းကောင်း၊ **ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၂/ကံဘဲ့)၊ မြေကွက်အမှတ် (၇/က–၂၊ ၇/ခ+၂)၊ ဧရိယာ (၁. ၁၃၈)ဧကရှိ အမှတ် (၁၉)၊ ကန်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု**ခေါ်တွင်သော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် စပ်လျဉ်းသော ဦးကိုကိုလေး၏ အချိုးကျပူးတွဲပိုင်ဆိုင်မှု ဝေစုသည်လည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ Block– C, အခန်းအမှတ် (PH.01) နှင့် စပ်လျဉ်းသော ပိုင်ဆိုင်မှု အကျိုးစီးပွားအပါအဝင် ရွှေ့ပြောင်း/မရွှေ့မပြောင်းနိုင် ပစ္စည်းအရပ်ရပ်သည်လည်းကောင်း ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ရင်ရင်မေက တရားဝင်ဇနီးအဖြစ်ဆက်ခံတောင်းဆို ရယူပိုင်ခွင့်များဖြစ်ပါသည်။

(၁၅–၂–၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၌ ဒေါ်မြင့်မြင့်ရွှေ [၁၂/ကတန(နိုင်)၀၇၃၁၅၅]နှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်သူရပါ (၄)ဦးတို့ကထည့်သွင်းကြေညာထားချက်များသည် ပကတိဖြစ်ရပ်မှန်များနှင့်ကွဲလွဲသော မမှန်မကန် ကြေညာတောင်းဆိုမှုများဖြစ်ပြီး၊ ကွယ်လွန်သူ ဦးကိုကိုလေး၏ ခရစ်ယာန်ဘာသာဝင် တရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်ရင်မေအနေဖြင့် မိမိ၏ ရပိုင်ခွင့်များအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

**ဦးသန်းစိုး(ထွန်း)** — **ဒေါ်မူယာ**
**B.A (Eco), H.G.P,R.L.,D.B.L** — **LL.B, Dip: in Business Law**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၄၉၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၆၀)**
**အမှတ် (၁၇၅/ဘီ)၊ ပထမထပ်၊ ၃၈–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**


**မ/ဥက္ကလာ နွယ်နီတိုက်ခန်းရောင်းမည်**
အဝိုင်းအနီး၊ (ဃ)ဈေးရှေ့၊ သုခမ္မာလမ်းကျောကပ်၊
နွယ်နီ ၈ လမ်း၊ ၁၅ ပေ × ၆၀ ပေ မြေညီထပ် အခန်း
(၁) ခန်းဖွဲ့၊ တိုက်သစ်၊ လေဝင်လေထွက်ကောင်း၊
မှတ်တိုင်နီး၊ ဈေးနီး၊ ဘဏ်နီး။
သိန်း (၉၈၀) ညှိနှိုင်း 09 43021001


### အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးတင်အောင်ထွန်း[၁၂/မဘန(နိုင်)၀၈၃၆၄၄] ကိုင်ဆောင်သူနှင့် ဒေါ်ကေခိုင်နွယ်[၁၂/မဘန(နိုင်)၀၈၀၃၀၈]တို့ နှစ်ဦးသည် ယခုကြေညာသည့်အချိန်ထိ မည်သည့်တရားရုံးတွင်မှ မျက်နှာစုံညီတရားဝင်ကွာရှင်းထားခြင်းမရှိသေးပါသဖြင့် အကြင်လင်မယားအဖြစ်တည်ရှိနေဆဲဖြစ်ပါကြောင်းနှင့် ဒေါ်ကေခိုင်နွယ်သည် ၂၈–၂–၂၀၂၃ ရက်နေ့တွင် ၎င်းဆန္ဒသဘောအလျောက် နေအိမ်မှဆင်းသွားခြင်းဖြစ်ပြီး ပြဿနာများအား မိသားစုစုံညီတွေ့ဆုံ၍ ဖြေရှင်းလိုပါကြောင်းနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်အောင်ထွန်း**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၉၊ စိန်ပဒေသာလမ်း၊ အမှတ်–၇၄၁၊ ဒေါ်မိုးနှင်းပွင့် အမည်ပေါက် ဂရန်မူရင်းပါ မြေအကျယ်ပေ(၄၁x၆၀)အနက်မှ (လမ်းနှင့်ကပ်လျက်ဘက်ခြမ်း) (ဂရန်မိတ္တူခြမ်း) မြေအကျယ်ပေ(၂၁x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝင်းသစ်နွယ်[၁၄/မမန(နိုင်)၁၅၄၆၀၄]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အေးအေးထိုက် [၁၂/သဃက(နိုင်)၀၄၁၆၆၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးထိုက်၏ ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၆၀၅)(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်၊ အမှတ်(၈၁၇) (က+ခ)၊ ဧရိယာ(၄၀ x ၆၀)ပေရှိ မြေကွက်နှင့် အိမ်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်ကျော် [၁၂/သဃက(နိုင်)၁၃၅၇၇၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးနိုင်[၁၂/ဥကမ(နိုင်)၁၅၆၂၆၆]ကိုင်ဆောင်သူမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြေးမုံမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၆၆)**
**ဖုန်း–၀၉–၄၂၀၂၂၀၉၀၂**

ညအချိန်
အိပ်နေချိန်တွင်
လျှပ်စစ်မီးများ
ပိတ်ထားခြင်း
ဖြင့်
လျှပ်စစ်
ကို
နေ့စဉ်
ချွေတာသင့်
ပါသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ်...**
❖ **တပ်မတော်သည် အမြဲတမ်းရှိနေမည် ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်...**
❖ **စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ်...**
❖ **တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂) တွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## Jenesys U-17 Women's Football Memorial Cup ပြိုင်ပွဲတွင် မြန်မာအသင်း တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထား

**ရန်ကုန် မတ် ၁၉**

ဂျပန်-အာဆီယံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ကျင်းပသည့် Jenesys U–17 Women's Football Memorial Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းက တစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းက ဒုတိယပွဲအဖြစ် မတ် ၁၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ❖

## ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၇၈ ဒသမ ၁၉ ဧကရှိသော နယ်မြေကို **“ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၃)အရ ၁၃၈၄ ခုနှစ် တပေါင်းလပြည့် ကျော် ၉ ရက်(၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တောသည် ပေါင်းလောင်းချောင်း၏ ရေဝေကြော တောင်တန်းတစ်ခုဖြစ်ပြီး အဝေရာဆည်၏ ရေဝေရေလဲ သစ်တော

**စာမျက်နှာ ၂၅ ကော်လံ ၂ သို့** ❂



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် Sichuan အသင်းတို့ ယှဉ်ပြိုင် ကစားကြစဉ်။

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တရုတ်အမျိုးသမီးကလပ်အသင်း သရေကျ

**ရန်ကုန် မတ် ၁၉**

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး ပထမအဆင့် ခြေစစ်ပွဲအတွက် တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ဒုတိယခြေစမ်းပွဲအဖြစ် မတ် ၁၉ ရက်တွင် တရုတ်အမျိုးသမီးကလပ် Sichuan အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

**အပြောင်းအလဲအချို့ ပြုလုပ်ခဲ့**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ကမ္ဘောဒီးယားအသင်းအား ဂိုးပြတ်အနိုင်ရသည့်ပွဲမှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး မေဇင်နွယ်(ဂိုး)၊ ဇွန်ယုယဦး၊ မိုးမမစိုး၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ ခင်မာလာထွန်း၊

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ○

### ယနေ့ ဖတ်စရာ

**အန္တရာယ်များရှိသော်လည်း ဉာဏ်ရည်တု နည်းပညာကို အသုံးပြုလာကြသည့် စီးပွားရေးလုပ်ငန်းများ**
စာမျက်နှာ » ၁၅

**အီတလီစီးရီးအေပြိုင်ပွဲသမိုင်းမှာ အသက်အကြီးဆုံး ဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ အီဘရာဟီမိုဗစ်**
စာမျက်နှာ » ၃၂